ကျောက်ကလပ်ကျေးရွာ

ကျိုက်ထိုမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျောက်ကလပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁
စကားချီး ၄
ကျောက္ကလပ် ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ကျိုက်ထိုမြို့နယ် ၅
အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၆
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၇
(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမ ဆိုင်ရာ ဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်မှီးအား၊ သတင်းနှင့် ဆက်သွယ်ရေး)
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၈

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၉
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၂
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း ၆၈
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၆၉
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ် ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောက္ကလပ်ကျေးရွာ ၊ ကျိုက်ထိုမြို့နယ်

ကျောက္ကလပ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်ထိုမြို့နယ်



ရည်ညွှန်း- ကျောက္ကလပ်ကျေးရွာအရင်းအမြစ်ပြမြေပုံ - ကျောက္ကလပ်ကျေးရွာ၊ ကျောက္ကလပ်ကျေးရွာအုပ်စု၊ ကျိုက်ထိုမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၇-၂၉ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး နှင့် ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များ နှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များ နှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေး နှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု များပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ် မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ကျောက်ကွလပ်ကျေးရွာ သည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၏အနောက်ဘက်(၁၈)မိုင်အကွာတွင် တည်ရှိပါသည်။ ရန်ကုန်–

မော်လမြိုင် မီးရထားလမ်း နှင့် ကားလမ်းမကြီးပေါ်တွင်တည်ရှိပြီး ရန်ကုန်မြို့ နှင့် မိုင်(၉၀) ၊ ကွာဝေးပါသည်။ ကျောက္ကလပ်ကျေးရွာ၏အနောက်ဖက်တွင် မြောက်မှတောင်သို့ စီးဆင်းလျက် ရှိသည့် စစ်တောင်းမြစ် ရေမျက်နှာပြင်၏အထက်ပေ(၂၀၀)အမြင့်ရှိ ကုန်းပြင်မြင့်ပေါ်တွင် တည်ရှိပါသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး ၁၀နှစ်လျှင် ပျမ်းမျှ မိုးရွာရက် (၁၃၃) ရက်၊ (၁၇၅.၄၆)လက်မ ရွာသွန်းပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ အထိ ပျမ်းမျှ မိုးရွာသွန်းသည့် ရက်နှင့်မိုးရွာသွန်းမှုသည် တစ်နှစ်ထက်တစ်နစ် တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

(ဂ) သဘာဝအရင်းအမြစ်များ ။ ။ စစ်တောင်းမြစ်လယ်ရှိကျွန်းပေါ်တွင် စိုက်ပျိုးရေးလုပ်ကိုင်နိုင်သော မြေနုကျွန်းများတည်ရှိသည်။ သဘာဝအရင်းအမြစ်အဖြစ် ယမနေသစ် နှင့် သက်ကယ်ရင်းတို့ကို တွေ့ရှိရပါသည်။ ဥယျာဉ်ခြံမြေများ နှင့် လယ်ယာစိုက်ပျိုးရန် လျှိုမြောင်များ တည်ရှိပါသည်။ ကုန်းမြင့်တွင်တည်ရှိသဖြင့် ရေရရှိရန်ခက်ခဲသော်လည်း တောင်စောင်းများ၊ ဆင်ခြေလျှော အနိမ့်ပိုင်းများတွင် ရေကို အလွယ်တကူ တူးဖော်ရရှိနိုင်ပါသည်။ စစ်တောင်းမြစ်မှလည်း သားငါးများကို ရရှိနိုင်ပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ပအိုဝ်းလူမျိုးများနေထိုင်ကြပြီး ဗမာ အနည်းငယ်ရှိပါသည်။ အိမ်ထောင်စု(၁၂၁)စုရှိပြီး လူဦးရေစုစုပေါင်း(၅၉၀)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေသည် ၆၅.၇%ရှိပြီး ၃၄.၃% သည် မှီခိုသူများဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေထက် အနည်းငယ်ပိုပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ကျေးရွာရှိမိသားစုအများစုသည် ရာသီသီးနှံစိုက်ပျိုးခြင်းနှင့်ကျပန်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ ဆင်းရဲသား ကျပန်းမိသားစုများသည် ရော်ဘာခြံရှင်းခြင်း၊ ကျောက်သယ်ခြင်း နှင့် စိုက်ပျိုးရေးလုပ်ငန်းများ စသည့် ကျပန်းအလုပ်များကို တစ်နေ့ ပျမ်းမျှဝင်ငွေ ၃၀၀၀ကျပ်မှ ၅၀၀၀ကျပ် ရရှိကြပါသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၇၈)ရာခိုင်နှုန်းရှိသောကြောင့် ကျေးရွာကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှု အနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကိုဖော်ပြပါသည်။ ကျေးရွာ၏၄၅%သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲသောသူများဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏ ၄၅%သည် ၂.၅ဧက အောက် ပိုင်ဆိုင်ကြ၍ ဆင်းရဲသောသူများဖြစ်ပြီး ၇%သည် ၂.၅ဧကအထက်ပိုင်ဆိုင်ကြပြီး တောင်သူငယ်များဖြစ်ပါသည်။ အလယ်လတ်စားတောင်သူ ၃%သာရှိပါသည်။ တစ်ဦးတည်းပိုင် စိုက်ပျိုးမြေ ဧက (၁၂ဧက)ထိ အများဆုံးပိုင်ဆိုင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၉၅)ရှိသည်အနက် (၃၆) အိမ်ထောင်စုမှာ ၃လအောက် နှင့် (၂၄) အိမ်ထောင်စုသည် ၃လ နှင့် ၅လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ (၄၃) အိမ်ထောင်စုသည် အနည်းဆုံး ၆လစာ သိုလှောင်ထားနိုင်ပါသည်။ အိမ်ထောင်စုများသည်

ချေးငွေများဖြင့် ရပ်တည်နေကြရပြီး အနည်းဆုံး ၅၀၀၀ကျပ် မှ သိန်းလေးဆယ်ထိ ချေးငှားကြရပါသည်။ ကျန်သော အချိန်များတွင် မိသားစုများသည် ခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ ပံ့ပိုးမှုဖြင့်လည်းကောင်း၊ သီးနှံကြိုရောင်း၍သော်လည်းကောင်း ဝမ်းစာဖြည့်တင်းကြရပါသည်။

ကျေးရွာတွင် နှစ်စဉ်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ လယ်မြေဆုံးရှုံးခြင်း ၊ ဓာတုဓာတ်မြေ သြဇာ/ပိုးသတ်ဆေးများကြောင့် မြေဆီလွှာများပျက်စီးခြင်း၊ နှစ်စဉ်မြစ်ရေကြီးခြင်းကြောင့် စိုက်ပျိုး သီးနှံ၊ စိုက်ပျိုးမြေများဆုံးရှုံးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ချိန်၊ သီးနှံများ ဖျက်ပိုးနှင့် ရောဂါများကျရောက်ခြင်း၊ ဈေးကွက်မတည်ငြိမ်မှုများဖြစ်ပေါ်ခြင်းကြောင့် ဆင်းရဲသားတောင်သူ ငယ်များနှင့် ကျပန်းမိသားစုများအတွက် စားနပ်ရိက္ခာမဖူလုံမှုများ မြင့်မားပါသည်။ ကျောင်းသူ ကျောင်းသားများသည် ရထားလမ်း၊ ကားလမ်းများအားဖြတ်သန်း၍ အထက်တန်းကျောင်းသို့ သွားရခြင်း၊ လယ်သမားများ စစ်တောင်းမြစ်လယ်ရှိ ကျွန်းပေါ်တွင် သီးနှံစိုက်ပျိုးရန်အတွက် စက်လှေဖြင့် သွားရခြင်း၊ ကျပန်းသမားများ ကျောက်ခွဲသည့်နေရာများတွင် အလုပ်လုပ်ကိုင်ရခြင်းတို့ကြောင့် ထိခိုက်လွယ်မှုကို ဖြစ်စေပါသည်။ လူငယ်များ လူကုန်ကူးခံရခြင်း၊ အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်း နှင့် ကူးစက်ရောဂါများရရှိနိုင်ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျေးရွာတွင် ငှက်ဖျားရောဂါအဖြစ်များပါသည်။ မိုးဦးကျချိန်တွင် တုတ်ကွေးရောဂါအဖြစ်များသည်။ နှစ်စဉ်ငှက်ဖျားရောဂါဖြင့် ဆေးရုံသို့ ၄-၅ဦးခန့် ပုံမှန်ဆေးကုသမှုခံယူနေရပါသည်။ သို့သော် တုတ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကြောင့် သေဆုံးသူ မရှိပါ။ လက်ရှိတွင်တီဘီရောဂါ ကုသမှုခံယူသူ ၂ဦးနှင့် ပျောက်ကင်းသူ ၄ဦးရှိပါသည်။ သိမ်ဇရပ်စံပြကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် အများဆုံးကုသမှု ခံယူကြရပါသည်။ ပြင်းထန်သော ရောဂါများကို ပဲခူးမြို့ ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏ ၃%သည် စာတတ်မြောက်မှုမရှိကြပါ။ ၁%သည် ဘုန်းတော်ကြီးကျောင်တွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှု အနေဖြင့် မူလတန်းပညာပြီးဆုံးသူ ၂၅%၊ အလယ်တန်းပညာပြီးဆုံးသူ ၁၁%၊ အထက်တန်းပညာပြီးဆုံးသူ ၄% နှင့် ဘွဲ့ရရှိသူ ၃% ရှိပါသည်။ ယခုအခါ အသက် (၅-၉)နှစ် အတွင်း လူဦးရေ (၆၀)ရှိသော်လည်း မူလတန်းပညာ တက်ရောက်နေသူ(၈၈)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၄၇% ရှိသဖြင့် ကလေးများကျောင်းနေနောက်ကျခြင်းကြောင့် အသက်(၉)နှစ်ကျော်သော်လည်း မူလတန်း အဆင့်တွင်ပင် ရှိနေခြင်း၊ အသက်(၁၀-၁၄)နှစ်အတွင်း လူဦးရေ(၄၇)ဦးရှိသော်လည်း တက်ရောက် နေသူ(၃၃)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၇၀%ရှိသဖြင့် အသက်(၁၄)နှစ်ကျော်သော်လည်း အလယ်တန်း အဆင့်တွင်ပင် ရှိနေကြပါသည်။

ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေးဝန်ထမ်း(၂)ဦးရှိပြီး တစ်ပိုင်တစ်နိုင်ဝင်ငွေရ လုပ်ငန်းအဖြစ် တောင်းယက်ခြင်း၊ တံမြက်စည်းစည်းခြင်း၊ လက်သမား/ပန်းရံလုပ်ခြင်း၊ စက်ချုပ်ခြင်းနှင့် စက်ပြင်ခြင်းတို့ဖြင့် ဝင်ငွေရှာဖွေသူများရှိပါသည်။ နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်သူ (၂၇)ဦး ရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျောက္ကလပ်ကျေးရွာတွင် တစ်ရက်လျှင် အမျိုးသား တစ်ဦး အလုပ်လုပ်ခ (၄၀၀၀-၅၀၀၀)ကျပ် နှင့် အမျိုးသမီး တစ်ဦးလျှင် (၃၀၀၀)ကျပ်ရရှိပါသည်။

ပညာတတ်မြောက်မှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ်မြောက်သူဦးရေ ပိုမိုများပြားသည်။ စာမတတ်သူဦးရေတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။ အမျိုးသမီးများသည် အမျိုးသားများနည်းတူ မိသားစုကိစ္စများ၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆွေးနွေးဆုံးဖြတ်ကြသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအတွင်း အမျိုးသမီးများ ပါဝင်မှုနည်းပါးပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ ကျောက္ကလပ်ကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် အားနည်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်ပါသည်။ သို့သော် ကျေးရွာအတွင်း ရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များ၊ စားနပ်ရိက္ခာ ဖူလုံရေးအတွက် စပါးဘဏ် ကော်မတီ၊ မြို့နယ်သမဝါယမဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ချေးငွေများ ရရှိစေရန် အလင်းရောင်သမဝါ ယမအသင်း နှင့် အမျိုးသမီးများဖြင့်ဖွဲ့စည်းထားသော ကိုယ့်အား ကိုယ်ကိုးအဖွဲ့များသည် ကျေးရွာအတွင်း စနစ်တကျ လုပ်ဆောင်နေကြပါသည်။ ပအိုဝ်စာပေ နှင့် ယဉ်ကျေးမှုအသင်းတွင် လူငယ်လူရွယ် များ တက်ကြွစွာ ပါဝင်လုပ်ဆောင်နေကြပါသည်။

အဖွဲ့များသည် ကဏ္ဍအလိုက်အဖွဲ့အလိုက် လုပ်ဆောင်မှုကောင်းများရှိသော်လည်း အဖွဲ့အစည်း အချင်းချင်းကြားတွင် ချိတ်ဆက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများ အားနည်းပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုထက်ပိုမိုလုပ်ဆောင်အောင်မြင်နိုင်ရန် လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အကောင်အထည်ဖော်ရေးဆပ်ကော်မတီများ၊ ကဏ္ဍအလိုက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်၍ ဖွံ့ဖြိုးရေးသဘောတရားများစသောသင်တန်းများ ချိတ်ဆက်ရယူ လုပ်ဆောင်ရန် လိုပါမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာတွင် လယ် ၈၁၊ ဥယျာဉ်ခြံ ၆၀၊ ကိုင်းကျွန်း ၁၀၇ နှင့် ရော်ဘာ ၃၃ ဧက ရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး နွေရာသီရေရှားပါးချိန်မှလွဲ၍ မိုး နှင့် ဆောင်းရာသီတွင် စပါး နှင့် ခရမ်း၊ ပဲတောင့်ရှည်၊ သခွား၊ ပန်း၊ ပြောင်းစသည့် ရာသီသီးနှံပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးကြပါသည်။ ဆောင်းရာသီ၌ စစ်တောင်းမြစ်အတွင်းရှိ မြေနုကျွန်းများပေါ်တွင် ခရမ်းချဉ်၊ မတ်ပဲ၊ ဘိုကိတ်ပဲ နှင့် ပြောင်းများကို စိုက်ပျိုးကြပါသည်။

ငမြှောင်တောင်၊ သီးလုံးဖောက်ပိုးများ ဆိုးဝါးစွာကျရောက်သည်။ ခါတ်မြေဩ၊ ပိုးသတ်ဆေးများ စနစ်တကျမသုံးစွဲနိုင်ခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ဆားငံရေ ဝင်ရောက်ခြင်းတို့ကြောင့် စိုက်ပျိုးမြေများ တဖြည်းဖြည်းလျှော့နည်းလာသကဲ့သို့ မြေသားဖွဲ့စည်းမှုလည်း ယိုယွင်းပျက်ဆီးလာပါသည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် မြေအောက်ရေစမ်းသပ်တူးဖော်စိုက်ပျိုးခြင်း၊ မိုးရေလှောင်ကန်များတူးဖော်ခြင်း)၊ စိုက်ပျိုးရေးနည်းပညာကောင်းများ ချိတ်ဆက်ခြင်း၊ စိုက်ပျိုးရေးရင်းနှီး ငွေများ လုံလောက်စွာရရှိရန် ချိတ်ဆက်ခြင်းစသော လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်ပါမည်။

ရော်ဘာစိုက်ပျိုးခြင်းမှ ဝင်ငွေတိုးတက်ရရှိစေရန် မြို့နယ်ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ အသင်းနှင့် ချိတ်ဆက်၍ ဈေးကွက်လက်လှမ်းမှီအောင် လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ကျောက်ကလပ်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူမရှိပါ။ နွား၊ ကျွဲ၊ ကြက်၊ ဝက် စသည့် တိရိစ္ဆာန်များကို တစ်ပိုင်တစ်နိုင် အနည်းငယ် မွေးမြူသည့် အိမ်ထောင်စု (၃၄) အိမ်ထောင်စုရှိပါသည်။

တံငါလုပ်ငန်းလုပ်ကိုင်စားသောက်သည့် အိမ်ထောင်စု(၃)စုရှိသော်လည်း ငါးရရှိမှုနည်းပါးလာခြင်းကြောင့် မိသားစုများသည် ငါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း မပြုနိုင်ဘဲ ကျပန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျေးရွာရှိမိသားစုများသည် တောင်းယက်၊ တံမြက်စည်းစည်း၊ ပန်းရံ/လက်သမား၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်၊ လွှက်ရည်ဆိုင်စသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ သိမ်ဇရပ် စံပြကျေးရွာနှင့် အလှမ်းမဝေးသောကြောင့် ဆိုင်ကယ်ပြင်ဆိုင်၊ တယ်လီဖုန်းပြင်ဆိုင်၊ မုန့်/စားသောက်ဆိုင်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ဤစီးပွားရေးကဏ္ဍများတိုးတက်ရန် အရင်းအနှီးများ၊ အသက်မွေးသင်တန်းများ စသော အစီအစဉ်များ အကောင်အထည်ဖော်လုပ်ဆောင်ရပါမည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ နိုင်ငံတော် အစီအစဉ်ဖြင့် ယခင်နှစ်က တစ်အိမ်ထောင်လျှင် ကျွန်းပင်(၃)ပင်စီ စိုက်ပျိုးကြပါသည်။ ယခုနှစ်တွင် ရွာသူရွာသားများမှ ကျွန်းပင်များကို မိမိတို့ကိုယ်တိုင်ဝယ်ယူ၍ စိုက်ပျိုးလာကြပါသည်။ စစ်တောင်းမြစ်အတွင်း **ရေကြီးခြင်းနှင့်မြစ်ကမ်းပါးတိုက်စားခြင်း**တို့မှာ နှစ်စဉ်နှစ်တိုင်း ဖြစ်လေ့ရှိ သည်။ ကြိုတင်သတိပေးစနစ်များ၊ အရေးပေါ်အစီအစဉ်များ ဆောင်ရွက်ထားရှိခြင်းမရှိပေ။ အနိမ့်ပိုင်းအိမ်များမှာ အသက်အန္တရာယ် နှင့် ရင်ဆိုင်ရနိုင်ပါသည်။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ချေးငွေဝန်ဆောင်မှုအနေဖြင့် ကျေးရွာ အတွင်း ရွာသူရွာသားများသည် အလင်းရောင်သမဝါယမအသင်း၊ အမျိုးသမီးများဖြင့် ဖွဲ့စည်း ထားသော ကိုယ့်အားကိုယ်ကိုးအဖွဲ့များမှ ချေးငွေရရှိနိုင်ပြီး: မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇) ရှိ လယ် တစ်ဧကလျှင် ၁၀၀၀၀၀/ကျပ်၊ တစ်ဦးလျှင် အများဆုံး(၁၀)ဧက၊ ယာတစ်ဧကလျှင် ၂၀၀၀၀/ကျပ် ဖြင့် ထုတ်ချေးနိုင်ကြပါသည်။ လိုအပ်သောငွေကြေးကို ဆွေမျိုးများနှင့်ရွှေဆိုင်များ တွင် ပစ္စည်းအပေါင်ထား၍ ချေးယူရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ကျေးရွာ၏**ပညာရေးကဏ္ဍ** တွင် မူလတန်းကျောင်းတည်ရှိပြီး တပည့်၊ဆရာအချိုး (၁၈:၁)ဖြင့် သင်ကြားလျှက်ရှိပါသည်။ ကျောင်းသူကျောင်းသားများ အလယ်တန်း၊ အထက်တန်းပညာကို လက်လှမ်းမှီရန် ကျောင်းကြိုပို့ကားများထားရှိပါသည်။ ကျောင်းသူ/ကျောင်းသားများအတွက် ပရိဘောဂနှင့်ကျောင်းအိမ်သာ မလုံလောက်ပါ။ သောက်ရေ/သုံးရေအား ရွာရှိတွင်းများ၌ သွားခပ်ရပါသည်။ သို့တွက် ကျောင်းပရိဘောဂများ၊ ကျောင်းအိမ်သာ ၊ သောက်သုံးရေများ ရရှိရန် တင်ပြတောင်းခံရမည် ဖြစ်ပါသည်။ သထုံမြို့၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ကျောင်းပရိဘောဂ အတွက်ငွေကျပ် (၁)သိန်း လှူဒါန်းထားပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ရှိပြီး ကျန်းမာရေးမှူးတစ်ဦး ရှိပါသည်။ ကျောက်ကလပ်အုပ်စုပေရှစ်ဆယ်ကျေးရွာတွင် သားဖွားဆရာမတစ်ဦးရှိပါသည်။ ပြင်းထန်

ရောဂါများအတွက် သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ ကုသရပါသည်။ မြန်မာနိုင်ငံဆရာဝန်များအသင်းသည် ၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ ဖိလတစ်ကြိမ် ကွင်းဆင်းပြီး လူနာများကို အခမဲ့ဆေးကုသပေးခဲ့ပါသည်။

ကျေးရွာတွင်ရေတွင်း(၈)တွင်းရှိပြီး (၄)တွင်းသည် တစ်နှစ်ပတ်လုံးရေရရှိပါသည်။ ကျေးရွာသူ/သားများသည် နွေရာသီတွင် မြေနိမ့်ပိုင်းရှိ ရေတွင်းများတွင် သွားရောက် ခပ်ယူကြရပါသည်။ ကျေးရွာအိမ်ထောင်စု၏ (၁၁၆)အိမ်သည် ယင်လုံအိမ်သာကို သုံးစွဲကြပြီး ကျန်သော(၄)အိမ်သည် တွင်းတည့်အိမ်သာကိုသုံးစွဲကြပါသည်။

(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျေးရွာတွင်းတွင် လူငယ်များအပန်းဖြေနိုင်ရန် အတွက် (၂)ဧက ခွဲအကျယ်ရှိသည့် ကျေးရွာပိုင်ဘောလုံး အားကစားကွင်း(၁)ကွင်းရှိပါသည်။ နှစ်စဉ်နှစ်တိုင်း အုပ်စုအဆင့် ဘောလုံးပြိုင်ပွဲများလည်း ကျင်းပလျက်ရှိပါသည်။ ကျေးရွာတွင်းရှိလူငယ်၊ လူရွယ်များသည် ဝါတွင်းကာလ နှင့် ဝါကျွတ်ကာလတွင် ဆရာတော်များအား ပူဇော်ကန်တော့ခြင်း၊ ကျေးရွာအတွင်းရှိ ရွာတွင်းလမ်းပြုပြင်ခြင်းများ၊ ကျေးရွာ တွင်းအလှူပွဲများတွင် ပါဝင်ကူညီ ဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြပါသည်။ လူငယ်အဖွဲ့၏ လူပျိုခေါင်းဆောင်သည် ကျေးရွာတွင်းအဖွဲ့အစည်းများ၌ ဥက္ကဋ္ဌ (သို့) အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်မှုများ ရှိပါသည်။

ရိုးရာယဉ်ကျေးမှုထိန်းသိမ်းသည့်အနေဖြင့် ကျေးရွာတွင်းတွင် ပအိုဝ့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဖွဲ့စည်းထားရှိပြီး: ကျောင်းတက်နေသော ကျောင်းသူ/သားများအား ကျောင်းချိန်ပြင်ပတွင် ပအိုဝ့်စာပေအား ကျောင်းရှိဆရာမတစ်ဦးမှ သင်ကြားပေးနေပါသည်။ ပအိုဝ့်စာသင်ကြားပေးသည့်ဆရာမအတွက် မွန်ပြည်နယ်၊ ပအိုဝ့်စာပေနှင့်ယဉ်ကျေးမှုအသင်းမှလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်မှ တစ်လ လျင် (၅) သောင်းကျပ်နှုန်းဖြင့် ထောက်ပံ့ပေးနေပါသည်။

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

ကျောက်ကလပ်ကျေးရွာ ဆက်သွယ်သွားလာရန်နှင့် သယ်ယူပို့ဆောင်ရေးအတွက် ဒေသအသီးသီးသို့ ကားလမ်း၊ ရထားလမ်း၊ ရေလမ်းတို့ဖြင့် အချိန်မရွေး လွယ်ကူစွာ သွားလာနိုင်ပါသည်။

သတင်းအချက်အလက်များကို ရပ်ဝေးဒေသများတွင် သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် အများဆုံးအားဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ ကျေးရွာတွင်းတွင် Telenorကို အဓိကထားသုံးစွဲကြပြီး Ooredooအားအနည်းငယ်သာ အသုံးပြုကြပါသည်။ Telenor တာဝါတိုင်သည် ကားလမ်းနံဘေးကျေးရွာထိပ်တွင် စိုက်ထူထားပါသည်။ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလည်း သတင်းအချက်အလက်များကို လက်လှမ်းမီကြပါသည်။

ကျေးရွာတွင်းတွင် တယ်လီဖုန်းသုံးစွဲမှုသည် သုံးပုံတစ်ပုံခန့်သာရှိပါသည်။ အင်တာနက်ဝန်ဆောင်မှု အနေဖြင့် Facebook သုံးစွဲသူ အနည်းငယ်သာရှိသော်လည်း လူငယ်များအနေဖြင့် အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များရရှိရန် ကောင်းမွန်စွာ အသုံးမချနိုင်ခြင်း၊ မီးမရရှိခြင်း၊ စာကြည့်တိုက်မရှိခြင်းတို့သည် လူငယ်များ သင်ယူ လေ့လာခွင့်များကို ဟန့်တားထားပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားများမှ ရရှိနိုင်ပါသည်။ ကျေးရွာတွင် ညပိုင်း၌ အလင်းရောင်ကို အများအားဖြင့် ဖယောင်းတိုင်မီးကို သုံးစွဲပြီး:ဆိုလာသုံးစွဲသူ (၁)ဦးသာ ရှိပါသည်။ ကျေးရွာသည်

မဟာဓါတ်အားလိုင်းနှင့်ဆက်သွယ်ရန် (၂)မိုင် အတွင်းရှိသောကြောင့် ကျေးရွာ မီးလင်းရေးကော်မတီ ကို ဖွဲ့စည်း၍ လျှပ်စစ်ဓါတ်အားလိုင်းရရှိအောင် ဆွေးနွေးဆောင်ရွက်လျက် ရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာနှင့် (၂) မိုင်အကွာတွင် သိမ်ဇရပ် ရဲစခန်းရှိသည့်အတွက် လုံခြုံရေးကောင်းမွန်ပါသည်။ ကျေးရွာတွင်း ရံဖန်ရံခါ ရန်ဖြစ်သည်မှလွဲ၍ အခြားမှုခင်းကြီးများမရှိပေ။ ကျေးရွာ ရပ်မိ၊ရပ်ဖများနှင့် အုပ်ချုပ်ရေးပိုင်းမှလည်း ရမ်းကားမှုများ၊ မလိုလားအပ်သောပြဿနာများ မဖြစ်စေရန် လိုင်စင်မရှိ သော အရက်ဆိုင်များ ပိတ်စေခြင်းအားဖြင့် မှုခင်းဖြစ်ပွားနိုင်မှုများကိုလျော့ချသည့် အစီအစဉ်များကို ပြုလုပ်ခဲ့ကြပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျောက္ကလပ်ကျေးရွာရှိ ကျေးရွာသူရွာသားများ စည်းလုံးညီညွတ်မှုရှိခြင်း၊ ဦးဆောင်မှု နောက်တွင် ရွာသူရွာသားများ၊ လူငယ်များ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းသည် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက် လာရေး အတွက် အဓိကအချက်များ ဖြစ်ပါသည်။

ကျေးရွာသည် မြဝတီ–မော်လမြိုင်–ဘားအံ–ရန်ကုန် လမ်းပေါ်တွင် တည်ရှိခြင်းကြောင့် ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ နိုင်ပါသည်။ ထို့ပြင် ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများသည် ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်များအား ဆွဲဆောင်နိုင်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ လူဦးရေ ၆၅.၇%ရှိပါသည်။ ဘွဲ့ရပညာတတ် (၁၄)ဦး နှင့် အခြေခံ ပညာတတ်ကျွမ်းသူလူငယ်များရှိပြီး: ကုန်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း၊ ဘုရားဖူး ခရီးစသည့် များပြားလှသော အလုပ်အကိုင် အခွင့်အလမ်းများရရှိခြင်းဖြင့် ဖွံ့ဖြိုးတိုးတက် လာနိုင်ပါသည်။

ကျေးရွာ၏ ရေမြေရာသီဥတုသည် ရော်ဘာပင်စိုက်ပျိုးရန် သင့်တော်ခြင်း၊ ရော်ဘာအဖူးကူး ပျိုးပင်များကို အလွယ်တကူဝယ်ယူစိုက်ပျိုးနိုင်ခြင်း၊ ထွက်ရှိလာသော ရော်ဘာစေးများကို ရောင်းချ နိုင်သော စျေးကွက်ရှိခြင်း၊ ရော်ဘာစိုက်ပျိုးရန် နည်းပညာနှင့်ချေးငွေလိုအပ်ချက်များကို ကူညီပံ့ပိုး ပေးနိုင်သော ရော်ဘာကုန်ထုတ်သမအသင်း တည်ရှိခြင်းတို့သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ကြပါသည်။

ရာသီသီးနှံပင်များကို စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ နှင့် စိုက်ပျိုးရေးသွင်းအားစု များကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ ထွက်ရှိလာသောသီးနှံများအားရောင်းချရန် စျေးကွက် ရှိခြင်းတို့ သည် မိသားစုဝင်ငွေတိုးတက်စေသည့် အကြောင်းရင်းများ ဖြစ်ကြပါသည်။

ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်၍ ကျေးရွာမှ (၂)မိုင်အကွာတွင် ဆေးရုံတွင် လည်းကောင်း၊ ပဲခူးဆေးရုံကြီးနှင့်လည်းကောင်း လက်လှမ်းမီကြပါသည်။

ကျေးရွာတွင် ပအို့ဝ်စာပေ နှင့် ယဉ်ကျေးမှုအသင်းဖွဲ့စည်းထားရှိပြီး: မူလတန်းကလေးငယ် များအား ပအို့ဝ်စာပေသင်ကြားနေခြင်းအားဖြင့် ရိုးရော်ဘာသာစကားအား ထိန်းသိမ်းစောင့်ရှောက် လျက် ရှိပါသည်။

ဆက်သွယ်ရေးတိုင်များ ထူထောင်ထားသဖြင့် ဆက်သွယ်ရေးကဏ္ဍပိုမိုကောင်းမွန် လာခြင်းကြောင့် သတင်းအချက်အလက်များ လက်လှမ်းမှီလာခြင်း၊ မဟာဓါတ်အားလိုင်းနှင့် (၂)မိုင်

အတွင်း တည်ရှိ သဖြင့် ပင်မဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်ယူနိုင်ခြင်း၊ ကျေးရွာတွင် လျှပ်စစ်မီး ရရှိပါက အသေးစားအိမ်တွင်းစက်မှုလုပ်ငန်းများလုပ်ဆောင်လာနိုင်ခြင်း ဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှု အခြေအနေ ပိုမိုကောင်းမွန်လာမည် ဖြစ်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျောက္ကလပ်ကျေးရွာရှိ အဖွဲ့အစည်းများသည် ပြင်ပ အဖွဲ့အစည်းများနှင့်ဆက်သွယ်ရန် အလေ့အထ နည်းပါးခြင်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ စွမ်းဆောင်ရည် အားနည်းခြင်း၊ မြို့နယ်အဆင့်တွင် ကျေးရွာ အဆင့်အဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးအတွက် ဆောင်ရွက်မည့် စနစ်နှင့် စွမ်းရည်များ မရှိခြင်းသည် ကျေးရွာဖွဲ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား တစ်ခု ဖြစ်ပါသည်။

လယ်ယာလုပ်ငန်းနှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက် လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့် ကွာခြားသောကြောင့် လူငယ်များသည် နည်းလမ်း မျိုးစုံဖြင့် သွားရောက်နေကြသဖြင့် ဒေသတွင်းလုပ်သားရှားပါးခြင်းတို့ ဖြစ်ပေါ်နေပါသည်။

ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ နှစ်စဉ် တိုးမြှင့်လာသော်လည်း အရည်အသွေးမှီသော ဝန်ဆောင်မှုများပေးနိုင်သော လူငယ်လူရွယ်များ ရှားပါးနေပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော ထွက်ကုန်များသည် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာ ဖွံ့ဖြိုးမှု အားနည်းခြင်းကြောင့် အရည်အသွေးမပြည့်မှီခြင်း၊ ဈေးနှိမ်ခံရခြင်း၊ မျိုးသန့်ဈေးနှုန်း မြင့်မားခြင်း၊ နည်းပညာဝန်ဆောင်မှုများထိရောက်စွာ မရရှိနိုင်ခြင်းတို့ကြောင့် ဝင်ငွေရရှိမှု နည်းပါးကြပါသည်။

ပညာရေးကဏ္ဍတိုးတက်ရေးအတွက် မိဘဆရာအသင်းတွင် တိကျသောစီမံချက်နှင့် အကောင် အထည် ဖော်မည့်နည်းလမ်းများမရှိခြင်းနှင့် စားဝတ်နေရေးမဖူလုံခြင်းကြောင့် ကျောင်းသူ ကျောင်းသားများအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်စွမ်း မရှိကြပါ။

ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ လူငယ်များသည် မူးယစ်ဆေးဝါးများကို အလွယ်တကူလက်လှမ်းမှီကြပါသည်။ အသေးစားရောင်းဝယ်ဖောက်ကားမှုများရှိခြင်း၊ ဈေးနှုန်း သက်သာခြင်းတို့သည် လူငယ်များမူးယစ်ဆေးဝါးသုံးစွဲရန်အတွက် အခွင့်အလမ်းကောင်းများဖြစ်နေ ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့ ကျောက္ကလပ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ကျေးရွာသူ ရွာသားများပူးပေါင်း၍ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင် ကျေးရွာ၏ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင် ရောက်ရှိရေးအတွက် အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။ ကျေးရွာ သည် စိုက်ပျိုးရေးကို အဓိကထား၍ အသက်မွေးဝမ်းကြောင်းပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေး

ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ အောက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ချက်ကို ရေးဆွဲထားပါသည်။

က) အရည်အသွေးမြင့်၊ စီးပွားရေးတွက်ခြေကိုက်သော စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် **မိသားစုများ ဝင်ငွေတိုးလာစေရမည်။**

ခ) ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းဝင် ဘုရားပုထိုးများဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများကို ထူထောင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး **စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေ တိုးမြင့်လာ ရမည်။**

ဂ) ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာ မီးလင်းရေးများ စသည့် **လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရန်** တို့ ဖြစ်ပါသည်။

(ခ) နည်းဗျူဟာ

ကျောက္ကလပ်ကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့က သက်ဆိုင်ရာဦးစီးဌာနများဖြင့် သက်ဆိုင်ရာ ကဏ္ဍ အလိုက် ချိတ်ဆက်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီ အနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာသူ၊ ကျေးရွာသားများဖြင့် တွဲဖက်ကာ ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲခြင်း၊ ကြီးကြပ် အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက် တိုးတက်လုပ်ကိုင်သွားရမည် ဖြစ်ပါသည်။ လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(က) ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ခြင်းအားဖြင့် ဝင်ငွေ တိုးတက်စေခြင်း

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော၊ အထွက်ကောင်းသည့် ရာသီသီးနှံများကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန် နှင့် စိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုနှင့် မျိုးကောင်မျိုးသန့်များလွယ်ကူစွာ လက်လှမ်းမီရေးအတွက် လိုအပ်သည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ၊ စိုက်ပျိုးရေး ကုမ္ပဏီများ နှင့် ချိတ်ဆက်လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၂) မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ကျိုက်ထိုမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ချိတ်ဆက်၍ အရည်အသွေးမှီသောရော်ဘာပြားများကို ထုတ်လုပ်ပေးနိုင်ရန်နှင့် ကောင်းမွန်သော ရော်ဘာဈေးကွက် လက်လှမ်းမီရန်အတွက် လိုအပ်သော သွင်းအားစုများနှင့် နည်းပညာများစနစ်တကျ သုံးစွဲနိုင်ရေး လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၃) သွင်းအားစုများအချိန်မှီ အသုံးပြုနိုင်ရန် နှင့် အချိန်မှီ စိုက်ပျိုးထွန်ယက်နိုင်ရန်အတွက် လုံလောက်သော ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုတိုးတက်စေရန်အတွက် ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(၄) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသထွက်ကုန်များအခြေခံသော ကုန်ချောထုတ်လုပ်မှုနှင့်ရောင်းဝယ်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်စေသော စက်ရုံ၊ အလုပ်ရုံများ၊ ဟော်တယ်နှင့် ခရီး သွားလာရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်ကူပြုမည့် အခြေနေကောင်းများ နှင့် လူငယ်လူရွယ်များ အားစွမ်းရည်မြှင့် သင်တန်းများပေးနိုင်အောင် ဖန်တီးဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၅) ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီရေး နှင့် ပညာရေး၊ ကျန်းမာရေး နှင့် သက်ဆိုင်သော အသိ၊ ဉာဏ်ပညာများ တိုးပွားရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ကျေးရွာမီးလင်းရေးတို့အားသက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေး စီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အိမ်ထောင်စုတစ်ခုချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှတ်နှံရန် ချေးငွေသည် အရေးကြီး ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံတစ်ခုတည်းကိုသာ အဓိကထားရာမှ ဒေသအလိုက် စိုက်ပျိုးသောသီးနှံများအတွက်ပါ အဆင်ပြေသောအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ရန် ချိတ်ဆက်ရပါမည်။ ထို့ပြင်ပုဂ္ဂလိက၊ ကဏ္ဍမှငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်တင်ပြရပါမည်။

ကျေးရွာသမဝါယမအသင်း

သမဝါယမဦးစီးဌာန၏ပုံမှန်ကျေးရွာသမဝါယမအသင်းများအပြင် ၂၀၁၃ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂအစီအစဉ်၏ဦးဆောင်မှုဖြင့် ကျေးရွာများရှိ အချို့သော အသက်မွေးဝမ်းကျောင်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး အဖွဲ့စည်းများအား သမဝါယမအသင်းများအဖြစ်ဖွဲ့စည်းခဲ့ပါသည်။ မည်သည့်လုပ်ငန်းအတွက်မဆိုထုတ်ချေး၍ရပြီး ချေးငွေကာလမှာ(၆လ)ဖြစ်ပါသည်။ အတိုးနှုန်းမှာ ငွေ၁၀၀ကျပ်လျှင် ၁.၁၅ကျပ်တိုးဖြစ်ပြီး မြို့နယ်သမဝါယမသို့ ၁ကျပ်တိုး ပြန်သွင်းရပြီး အဖွဲ့ထဲတွင် ၀.၁၅ကျပ်တိုး ကျန်ရှိခဲ့မည်ဖြစ်ပါသည်။ အဖွဲ့ငယ်(၁၀)ဦးတစ်ဖွဲ့ဖွဲ့ရပြီး အချင်းချင်း ပြန်လည် အာမခံရသည့်စနစ်ကို ကျင့်သုံးကြပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ နှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းဖြစ်သည်။ သို့ဖြစ်၍ ဈေးကွက်ဖေါ်ဆောင် ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် တင်ပြ ချိတ်ဆက်ရပါမည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ပန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များ အလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ် ဆက်ရန်လိုအပ်ပါသည်။

ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တနိုင်တပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။

(ဃ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်ဆိုသည်မှာ ချမှတ်ထားသည့်ဗျူဟာကို လုပ်ငန်းအဖြစ် အောက်ခြေတွင် ဆောင်ရွက်သည့်အလုပ်ဖြစ်သည်။ စီမံကိန်းကာလ(၅)နှစ်တာအပြီးတွင် ချမှတ်ထားသည့်ပန်းတိုင် ရောက်ရှိရေးအတွက် စီမံချက်အသီးသီးတို့ကို အစီအစဉ်တကျ ချိတ်ဆက်ဆောင်ရွက်သွားရပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(ဘ) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ် အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
၁။	ကျန်းမာရေး	• ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ လက်လှမ်းမှီအောင် ဆောင်ရွက်ခြင်း	၈၇	၁	• ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ဝန်ဆောင် မှုပြည့်စုံအောင်ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျန်းမာရေးဌာနှင့်ချိတ်ဆက်၍ ဆေးပေးခန်း တည်ဆောက်ရန်အတွက် ရန်ပုံငွေအမြန်ဆုံးရရှိအောင် ဆောင်ရွက်ခြင်း၊ • ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ ➢ဆရာမခန့်ထားရေး ➢(၂၀ပေ x ၂၀ပေ) အရွယ်ရှိဆေးခန်း တည်ဆောက်ခြင်း၊	•
၂။	ရေနှင့် သန့်ရှင်း ရေး	• ရေကောင်းရေသန့် လုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း	၈၁	၂	• အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမှီရေး • ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ စက်ရေတွင်းတူးဖော်ခြင်း • ရေတွင်းဟောင်းများ ပြုပြင်ခြင်း	ကျေးလက်ဦးစီး

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
၃။	စိုက်ပျိုး မွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်း	• ဒေသထွက်ကုန်များအ ခြေခံသော ကုန်ချော ထုတ်လုပ်မှုနှင့်ရောင်းဝယ်မှု များ၊ ဟော်တယ် နှင့်ခရီးသွားလာရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက် အကူပြုမည့်အခြေနေကောင်းများ ဖန်တီး ခြင်း	၇၇	၃	• အခြေခပညာပြီးမြောက် အောင်သင်ကြားစေခြင်း • လူငယ်လူရွယ်များလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများပေးခြင်း • ဒေသထွက်ကုန်များအ ခြေခံသောကုန်ချောထုတ် လုပ်မှုနှင့် ရောင်းဝယ်မှု များ၊ ဟော်တယ်နှင့် ခရီး သွားလာရေးကဏ္ဍ ဖွံ့ဖြိုးရေး အတွက် အထောက်ကူပြုမည့် အခြေနေ ကောင်း များဖန်တီး ရေး • ကုန်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်းများ နှင့်ဘုရားဖူးခရီးလုပ်ငန်း များတိုးတက်အောင် ဆောင်ရွက်ပေခြင်း။	•
၄။	ပညာရေး	• ကျေးရွာသူသားများ ပြည့်စုံကောင်း မွန်သော သင်ကြားမှု ဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ အောင် ဆောင်ရွက်ခြင်း	၇၂	၄	• မိဘဆရာအသင်းကိုအောက်ပါစွမ်းရည်များတိုးတက်အောင်ဆောင်ရွက်ခြင်း ➢ မူလတန်းကျောင်း၏ သင်ကြားမှုအခြေအနေတိုးတက်ရေးစီမံချက် ရေးဆွဲခြင်း ➢ အထက်ပါစီမံချက်အကောင်ထည်ဖော်ခြင်း	➢
၅။	စိုက်ပျိုးရေး	• စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှု နှင့် ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း	၇၀	၅	• နည်းပညာဝန်ဆောင်မှု ပေးသည့် အစိုးရဌာန များ၊ အဖွဲ့အစည်း များ နှင့်ချိတ်ဆက်၍ ➢ စိုက်ပျိုးနည်းပညာ ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ခြင်း ➢ ချေးငွေ ရရှိရန်နှင့် အရစ်ကျ နှင့်အကြွေး ဝယ်ယူမှုဆိုင်ရာ မူဝါဒ နှင့် လုပ်ထုံး လုပ်နည်း များ • ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်၍ စစ်တောင်း မြစ်မှ ရေရရှိအောင် ဆောင်ရွက်ခြင်း။	•
၆။	လျှပ်စစ်	•ကျေးရွာအတွင်းရှိမိသားစုများ လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ခြင်း	၆၅	၆	• ကျေးရွာတွင်းမီးလင်း ရေးကော်မတီကို စနစ် တကျဖွဲ့စည်း၍ သက်ဆိုင် ရာဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း။ • မီးလင်းရေးကော်မတီ မှဦးဆောင်၍ ရွာသူ/သားများငွေကြေး အားဖြင့် ပူးပေါင်းပါဝင်မှု ရရှိအောင်ဆောင်ရွက်ခြင်း။	ကျေးလက် ဦးစီး

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
၇။	စီမံအုပ်ချုပ်မှုစနစ်	• ကျေးရွာအဖွဲ့အစည်းများ၏အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည်တိုးတက်အောင် ဆောင်ရွက်ခြင်း	၆၃	၇	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို အလားအလာရှိ သူများနှင့်ဖွဲ့စည်းခြင်း။ • ကဏ္ဍအလိုက် အကောင် အထည်ဖော် ဆောင်ရွက် မည့် အဖွဲ့အစည်းများကို ဖွဲ့စည်း ခြင်း။ • ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးကော်မတီနှင့်ကျေးရွာ တွင်းရှိ အဖွဲ့အစည်းများ ၏အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်တိုးတက်အောင်ဆောင်ရွက် ခြင်း။ ➢ခေါင်းဆောင်မှုသင်တန်း ➢အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသဘောတရား သင်တန်း • ကျား/မ ရေးရာ သင်တန် ;	•
၈။	လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား	• လူငယ်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်း	၆၀	၈	• လူငယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကန်းများရေးဆွဲအကောင်ထည်ဖော်ခြင်း၊ ➢ပညာသင်ကြားမှုအရည်အသွေးများတိုးတက်အောင် ဆောင်ရွက်ခြင်း ➢လူငယ်အားကစားဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း ➢ရိုးရာစာပေ၊ဂီတနှင့်အနုပညာများတိုးတက်ရေး	

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစား ပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကျေးရွာအဖွဲ့အစည်းများ၏အဖွဲ့အစည်း ဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည်တိုးတက်အောင် ဆောင်ရွက်ခြင်း	၁	Â	Â	Â	Â	Â
၂	စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုနှင့် ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီမှု တိုတက်အောင်ဆောင်ရွက်ခြင်း	၂		Â			
၃	ဒေသထွက်ကုန်များအ ခြေခံသော ကုန် ချော ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ၊ ဟော်တယ် နှင့် ခရီး သွားလာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် အခြေနေကောင်းများ ဖန်တီး ခြင်း	၃	Â	Â	Â	Â	Â
၄	ကျေးရွာသူသားများ ပြည့်စုံကောင်းမွန် သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှု များ အား လက်လှမ်းမီအောင်ဆောင်ရွက်ခြင်း	၄	Â				
၅	ကောင်းမွန်သော ကျန်းမာရေးစောင့် ရှောက်မှု နှင့် ဝန်ဆောင်မှုများ လက်လှမ်း မှီ အောင်ဆောင်ရွက်ခြင်း	၅	Â	Â	Â	Â	Â
၆	ရေကောင်းရေသန့် လုံလောက်စွာ ရရှိ အောင် ဆောင်ရွက်ခြင်း	၆	Â				
၇	လူငယ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် ခြင်း	၇	Â	Â	Â	Â	Â
၈	ကျေးရွာအတွင်းရှိမိသားစုများ လျှပ်စစ်မီးကိုလက်လှမ်းမအောင် ဆောင်ရွက်ခြင်း	၈	Â	Â	Â	Â	Â

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက် မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြ ထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦးကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများ ကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ကျေးရွာအဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု စွမ်းရည်တိုးတက်အောင် ဆောင်ရွက်ခြင်း					

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၂	စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုနှင့် ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီမှု တိုတက်အောင်ဆောင်ရွက်ခြင်း					
၃	ဒေသထွက်ကုန်များအခြေခံသော ကုန် ချော ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ၊ ဟော်တယ်နှင့် ခရီး သွားလာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် အခြေနေကောင်းများ ဖန်တီးခြင်း					
၄	ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှု များအား လက်လှမ်းမီအောင်ဆောင်ရွက်ခြင်း					
၅	ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ လက်လှမ်း မှီအောင်ဆောင်ရွက်ခြင်း					
၆	ရေကောင်းရေသန့် လုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း					
၇	လူငယ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ခြင်း					
၈	ကျေးရွာအတွင်းရှိမိသားစုများ လျှပ်စစ်မီးကို လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထား သော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်ကို မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(ဃ) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံး လုပ်ငန်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်;ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီ နှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ

ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှု များ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ များကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြု ချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၅	၅	၁၀	၁.၇	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၃	၂၂	၄၅	၇.၆	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၃၃	၂၇	၆၀	၁၀.၂	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၁၉	၂၈	၄၇	၈.၀	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၉၉	၁၈၉	၃၈၈	၆၅.၇	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၅	၂၅	၄၀	၆.၈	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၂၉၄**	**၂၉၆**	**၅၉၀**	**၁၀၀**	
စုစုပေါင်း အိမ်ထောင်စု			**၁၂၁**		
ပျမ်းမျှ အိမ်ထောင်စု အရွယ်အစား			**၄.၉**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပအိုဝ်း/ဗုဒ္ဓဘာသာလူမျိုးများနေထိုင်ကြပြီး ဗမာအနည်းငယ် ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၅.၇%တွင်ရှိပြီး အသက်(၁၅)နှစ် အောက်နှင့် အသက်(၆၀)အထက် လူဦးရေစုစုပေါင်း ၃၄.၃%သည် မှီခိုသူများဖြစ်ကြပါသည်။ အလုပ် လုပ်နိုင်သောလူဦးရေတွင် အမျိုးသားဦးရေသည်အမျိုးသမီးဦးရေထက် အနည်းငယ်ပိုပါသည်။ ပျမ်းမျှအားဖြင့် တစ်အိမ်ထောင်လျှင် လူဦးရေ (၄ –၅)ဦး ရှိပါသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***	၇၀	၅၇.၉%	၅	လယ် ၁၄၊ ခြံ–၅၆
	ကိုယ်ပိုင် လုပ်ငန်း			ရေ (၃)၊ ကျပန်း (၂)	
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ်အကိုင်	မှတ်ချက်
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၃	ရေလုပ်ငန်း
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း			၄	ထင်းခုတ်ရောင်း
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			၄	တောင်းယက်(၃) + တံမြက်စည်း(၁)
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၃	ပန်းရံ၊ လက်သမား
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၂	စက်ပြင်(၂)ဦး
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း			၁	စက်ချုပ်(၁)
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၈	၆.၆%	၇	အိမ်ဆိုင် ၈၊ ခေါင်းရွက် (၆) + သီးနှံဒိုင် (၁)
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၁	လွှက်ရည်ဆိုင်
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၈	၈	ဆိုင်ကယ်ကယ်ရီ(၁)၊ ဆိုင်ကယ်ကယ်ရီ (၈)
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် အေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အငှားလုပ်သား			၉	ကျောင်းဆရာမ
	မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၈%		ကျန်းမာရေးဆရာမ
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အငှားလုပ်သား	၄၁	၃၃.၉%	၅၂	ကျပန်း
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အငှားလုပ်သား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၁၂၁	၁၀၀%	၉၉	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ ခုနှစ်)**

လေ့လာတွေ့ရှိချက်။ ။ ဆင်းရဲသားကျပန်းမိသားစုများသည် ရော်ဘာခြံရှင်းခြင်း၊ ကျောက်သယ်ခြင်း၊ လက်သမား၊ ပန်းရံနောက်လိုက်ခြင်း၊ ဆိုင်ကယ်အငှားဆွဲခြင်းစသည့် ကျပန်းအလုပ်များကို လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင်သာ ကုန်ဆုံးနေခြင်းမဟုတ်ဘဲ ထင်းခုတ်ခြင်း၊ ရာသီသီးနှံစိုက်ပျိုးခြင်း နှင့် ကျောက် စက်စသည်တို့တွင် ဝင်ရောက် လုပ်ကိုင်ကြ ပါသည်။ နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်သူ (၂၇)ဦးရှိပါသည်။

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့် ဧက)
လယ်မြေ	၈၁	သင့်		မိုးရေ
ရော်ဘာ	၃၃	သင့်		မိုးရေ
ဥယျာဉ်ခြံမြေ(ခြံမြေ)	၆၀	သင့်		တွင်းရေ
အိမ်ခြံဝင်းစိုက်ခင်း				
ရွှေပြောင်းတောင်ယာ				
ကိုင်း/ကျွန်းမြေ	၁၀၇	သင့်		စစ်တောင်းမြစ်
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
ကျွန်း				
စုစုပေါင်း	၂၈၁			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ ခုနှစ်)**

မှတ်ချက်။ ။ရေရှိသည့်နေရာအမျိုးအစား -ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသူရွာသားများသည် စစ်တောင်းမြစ်အတွင်းရှိ သောင်လယ် (၈၁) ဧကတွင် မိုးရာသီ၌ စပါးကိုစိုက်ပျိုးပြီး ဆောင်းရာသီရေကျချိန် မြေနုကျွန်းတွင်မတ်ပဲ နှင့် ခရမ်းချဉ်များ ကို စိုက်ပျိုးကြပါသည်။ ယခင်က ဥယျာဉ်ခြံမြေများကို ရှင်းလင်း၍ ရာသီသီးနှံပင်များကို စိုက်ပျိုးကြပါသည်။ ယခုအခါ တောခြံများတွင် ရော်ဘာများကို အစားထိုးစိုက်ပျိုးလာကြပါသည်။

၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)		
ခါတ်သတ္တု (ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့်	မရှိ	
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	အသင့်အတင့်	ခက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ သဘာဝအရင်းအမြစ်အဖြစ် ယမနေ နှင့် သက်ကယ်ရင်းတို့ကို တွေ့ရှိရပါသည်။ ကုန်းမြင့်တွင်တည်ရှိသဖြင့် ရေရရှိရန် ခက်ခဲသော်လည်း တောင်စောင်းများ၊ ဆင်ခြေလျှောအနိမ့်ပိုင်းများတွင် ရေကို အလွယ်တကူ တူးဖော်နိုင်ပါသည်။ စစ်တောင်းမြစ်မှလည်း သားငါးများကို ရရှိနိုင်ပါသည်။ ဆေးဘက်ဝင် အပင်ထိန်းသိမ်းရေး နှင့် အသိပညာပေးခြင်းလုပ်ငန်းများ၊ ၎င်းအပင်များ၏အကျိုးအာနိသင်များအား လူငယ်/ရွယ်များအား သိရှိစေခြင်းဖြင့် ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

	သတ်မှတ်စံညွှန်း			
အကြောင်း အရာ	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်အိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်/ခြံ (၃)ဧက အထက်ပိုင်ဆိုင်သူ	လယ်/ခြံ (၁ - ၃)ဧက ကြားပိုင်ဆိုင်သူ	လယ်/ခြံ (၁)ဧက အောက်ပိုင်ဆိုင်သူ	

အကြောင်း အရာ	သတ်မှတ်စံညွှန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်အိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ အိမ်ထောင်စု
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	နွား/ကျွဲ(၂)ကောင်၊ သုံးဘီးဆိုင်ကယ်၊ ရေစုပ်စက်	ရေစုပ်စက်	ဆိုင်ကယ် (ကယ်ရီဆွဲရန်) ၃သိန်းတန်	ပေါက်တူး/ပြား၊ ခါး
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား၊ ဆိုင်ကယ်	ဆိုင်ကယ်	စက်ဘီး	-
အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ	လယ်/ခြံ၊ သီးနှံဒိုင်၊ အုတ်စက်	လယ်/ခြံ	ကျပန်း/ ဈေးရောင်း	ကျပန်း
အခြားပိုင်ဆိုင်မှု	ကုန်စုံဆိုင်၊ ရွှေ	ရွှေအနည်းငယ်၊ ကုန်စုံဆိုင်အသေး	-	-
	၆ (၅%)	၂၀ (၁၇%)	၃၄ (၂၈%)	၆၁ (၅၀%)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၇ - ၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အခြေအနေသည် ဆင်းရဲသောအိမ်ထောင်စု (၇၈) ရာခိုင်နှုန်း ရှိသောကြောင့် ကျေးရွာ ကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စု (၁၇%)ရှိပြီ: လယ်/ဥယျာဉ်ခြံ ၃ကအောက်ပိုင်ဆိုင်ကြပြီး လုပ်ငန်းသုံးပစ္စည်းအနည်းငယ် ပိုင်ဆိုင်ကြ ပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၅%) သည် လယ်/ဥယျာဉ်ခြံ ၃ကအထက် ပိုင်ဆိုင်ကြပြီး လုပ်ငန်းသုံးပစ္စည်းများ နှင့် အခြားသော ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော (ရွှေ၊ ဝယ်လီဗေးရှင်း) စသည့် ပိုင်ဆိုင်မှုများ ရှိကြပါသည်။

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၃၆	၃၈%	အကြွေး၊ ဆွေမျိုးများထံမ၊ စပါးဘဏ်၊
၃ လနှင့် ၅ လအထိ	၂၄	၂၅%	အကြွေး၊ ဆွေမျိုးများထံမှ၊ စပါးဘဏ်၊
၆လမှ၁၂လအထိ	၃၅	၃၇%	အကြွေး၊ ဆွေမျိုးများထံမှ ၊ စပါးဘဏ်၊

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် ဤဆန်းစစ်ချက်များအရ မိသားစုများသည် အကြွေးစနစ်ဖြင့် အများဆုံးဝယ်ယူစားသုံးကြရပါသည်။ တချို့မှာခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ပံ့ပိုးမှုဖြင့်လည်းကောင်း၊ စပါးဘဏ်မှထုတ်ချေး၍သော်လည်းကောင်း ဝမ်းစာဖြည့်တင်းကြရပါသည်။

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖခနှစ်နှင့်အထက်	မိသားစုစောင့်ရှောက်မှုမရှိ			
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ			
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင် သော အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၁	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ			
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွား ရောက်နေထိုင်လုပ်ကိုင်နေသူ		၃	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ အသက်(၆၀)ကျော် အဖိုး၊ အဖွား(၇)ဦး နှင့် မသန်စွမ်းပုဂ္ဂိုလ်(၃)ဦးမှာ မိသားစုနှင့်အတူနေထိုင်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁)စုရှိပြီး သားသမီး (၄) ယောက်နှင့်အတူနေထိုင်ပြီး ဈေးရောင်းခြင်း၊ ကျပန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ မိသားစု(၃)စုမှာ ထိုင်းနယ်စပ်တွင်သွားရောက်လုပ်ကိုင်ကြပါသည်။

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	မြေယာမဲ့နှင့်ဆင်းရဲသား တောင်သူ များကြ၊တွေ့ နိုင်
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	မြင့်	နှစ်စဉ်အိမ်ထောင်စုဦးရေ တိုးလာ ခြင်း၊ ပိုက်ပျိုး မြေမှာလည်း ထပ်မံတိုးချဲ့၍ မရခြင်း၊ မြစ်ရေ တိုက်စား ခြင်း
၃	ရေကြီးခြင်း	မြင့်	မြစ်ရေကြီးခြင်းကြောင့်စိုက်ပျိုးသီးနှံ၊ စိုက်ပျိုးမြေများ ဆုံးရှုံးခြင်း။
၄	မိုးခေါင်ခြင်း	နိမ့်	အချို့နှစ်များတွင်မိုးခေါင်ခြင်း ကြုံတွေ့ရလေ့ရှိ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၅	မုန်တိုင်း	နိမ့်	တခါတရံမှသာကြုံတွေ့နိုင်
၆	ငလျင်	နိမ့်	ဖြစ်ပေါ်မှုနည်း၊ ပျက်စီးမှုမရှိခဲ့ပါ။
၇	မီးဘေး	အလယ်အလတ်	နွေရာသီတွင်မီးခိုက်၊ မီး ကတ်များ ဆောင်ထားလေ့ရှိ၊
၈	ဆားငံရေဝင်မြေ	မြင့်မား	နှစ်စဉ်ဝင်ရောက်မှုရှိ။
၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့်မား	ရေတိုက်စားမှုကြောင့်ကမ်းပါး ပြိုခြင်း၊ ဓာတု ဓာတ်မြေဩဇာ/ ပိုး သတ်ဆေးများကြောင့် မြေဆီဩဇာများ ပျက်စီးခြင်း။
၁၀	သစ်တောပြုန်းတီးခြင်း	မြင့်မား	ထင်းသုံးစွဲခြင်း၊ မီးသွေးဖုတ်ခြင်း ဖြင့် သစ်တောပြုန်းတီးသည်။
၁၁	ငှက်ဖျားရောဂါ	နိမ့်	World Concernမှ ငှက်ဖျားနှင့် ပက်သက် သည့်ကြိုတင်ကာ ကွယ်မှုများ ပြုလုပ်လေ့ ရှိသည့်အပြင် အဖွဲ့အစည်းများမှ [1]လည်း ထိရောက်စွာ ကုသပေးခြင်းတို့ ရှိပါသည်။
၁၂	တီဘီရောဂါ	နိမ့်	ကျန်းမာရေးပညာပေးမှုများကြောင့် ဖြစ်ပွားမှု နည်း ပါသည်။
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	အခြားဒေသများသို့ သွားရောက်လုပ်ကိုင်နေသော လူငယ်များ ကူးစက်ခံရနိုင်ချေ ရှိပါ သည်။
၁၄	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)		
၁၅	လူကုန်ကူးခြင်း	လတ်	အခြားဒေသတွင် သွားရောက်လုပ်ကိုင်နေသူလူငယ်များ အတွက် အန္တရာယ် ရှိနိုင်ပါသည်။
၁၆	ဓေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲ စသည်		
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

11

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အုပ်စု	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	အခြားဒေသများသို့သွား ရောက်၍အလုပ်လုပ်ရသောကြောင့်အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုများရှိနိုင်၊ ကူး စက်ရောဂါ ရရှိ မှုများရှိနိုင်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	စားနပ်ရိက္ခာမဖူလုံမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု မလုံလောက်ခြင်းတို့နှင့် ကြုံတွေ့ရနိုင်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ ချိန်၊ သီးနှံများ ဖျက် ပိုး ရောဂါများ ကျရောက်ခြင်း၊ ဈေးကွက်မတည်ငြိမ်မှု များဖြစ် ပေါ်ခြင်းနှင့် ကြုံတွေ့ ရနိုင်။
၄	သဘာဝဘေးဒဏ်ဆိုးရွားမှုနှင့်ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်ရသူများ		
၅	မြစ်ကမ်းဘေးနေလူထု		
၆	မတော်မဆမှုဖြစ်နိုင်ခြေများေသာအုပ်စု(Prone to accident)	မြင့်မား	ကျောင်းသူကျောင်းသားများ၊ ကျောက်ခွဲသူများ၊ စိုက်ပျိုးရေး လုပ်သူများ ကြုံတွေ့ရနိုင်
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		
၉	ငါးကန်ပိုင်ရှင်		
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်မား	စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့ရနိုင်
၁၁	လူနည်းစုလူမျိုးများ		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ		
၁၃	နယ်စပ်ဒေသ		
၁၄	ရွှေတွင်းလုပ်သား		
၁၅	ဆေးစွဲသူများ		
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	နည်းပါး	အခြားဒေသသို့သွားရောက်မှုရှိသော လူငယ် အနည်းစု

စဉ်	အုပ်စု	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၇	လှည့်လည်သွားလာ၍ စျေးရောင်းသူများ		မတော်တဆ ထိခိုက်မှုများ ကြုံတွေ့ရနိုင်
၁၈	ရွှေပြောင်းလုပ်သားများ	မြင့်	မူးယစ်ဆေးသုံးစွဲနိုင်ခြင်းနှင့် ကူးစက်ရောဂါ ခံရနိုင်မှုများခြင်း
၁၉	ကားသမား	မြင့်	မူးယစ်ဆေးသုံးစွဲနိုင်ခြင်းနှင့် ကူးစက်ရောဂါ ခံရနိုင်မှုများခြင်း
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ ခုနှစ်)**

အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ ကျား	မ	ပေါင်း	လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
၁	အသက်မွေးဝမ်းကျောင်းကော်မတီ (အလင်းရောင် သမဝါယမအသင်း	၁	၅	၂	၇	ချေးငွေ ရရှိရေး	၅	၆
၂	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ	၂	၅	၂	၇	ကဏ္ဍစုံ	၅	၇
၃	စပါးဘဏ်	၁	၃	၂	၅	ဝမ်းစာ ဖူလုံရေး	၅	၆
၄	ကိုယ့်အားကိုယ်ကိုး အဖွဲ့	၂		၁၀	၁၀	ငွေစု ငွေချေး	၅	၆
၅	ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့	၃	၇	၃	၁၀	လူငယ်နှင့် ယဉ်ကျေးမှု	၄	၆
၆	မိဘဆရာအသင်း	၂	၉	၀	၉	ပညာရေး	၅	၇

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ ခုနှစ်)**

မှတ်ချက်။

အုပ်စု အမျိုးအစား:

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင် ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့ စွမ်းဆောင်နိုင်မှု အခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၄	၄၅%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၅၅	၄၅%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၈	၇%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၄	၃%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)			တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၁၂၁**	**၁၀၀%**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်			
၂	ရေလွှဲဆည်			
၃	မြစ်ရေတင်စီမံကိန်း			
၄	ဆည်မြောင်း			
၅	အဝီစိတွင်း			
၆	လက်ဝင် ရေတွင်း			
၇	စိမ့်စမ်းရေ			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစု လို အပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ် ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
ရော်ဘာ	၃၃	ပေါင်	၆၀၀	၈၀၀	၇၀၀	နှစ်ရှည်	မြင့်	နိမ့်	သီးစားပေး ၄၀၀ပင်/တစ်သိန်းကျပ်
စပါး	၈၁	တင်း	၃၀	၄၀	၃၅	ဝါဆို - သီတင်းကျွတ်	အလယ်အလတ်	နိမ့်	
ခရမ်းချဉ်	၃၀	ပိဿ	၈၀၀	၁၀၀၀	၉၀၀	တန်ဆောင်မုန်း–တန်ခူး	အလယ်အလတ်	မြင့်/နိမ့်	ဈေးကွက်ပေါ်မူတည်
မတ်ပဲ	၇၇	တင်း	၁၀	၂၅	၁၇.၅	တန်ဆောင်မုန်း–တန်ခူး	နိမ့်	မြင့်	ဈေးကွက်ပေါ်မူတည်
ရာသီသီးနှံ	၆၀					နယုန် - နတ်တော်	အလယ်အလတ်	မြင့်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ ခုနှစ်)**

လေ့လာတွေ့ရှိချက်။ ။ မိုးနှင့်ဆောင်းရာသီတွင် ခရမ်း၊ ပဲတောင့်ရှည်၊ သခွား၊ သစ္စာပန်း၊ ပြောင်း၊ ခရမ်းချဉ်စသည့် သီးနှံများကို ခြံများတွင်စိုက်ပျိုးကြပါသည်။ သီးနှံတစ်ခုသက်တမ်းမှာ ၁လခွဲမှ၂လ ထိရှိပြီး တောင်သူများသည် ၎င်းတို့ ပိုင်ဆိုင်သော မြေဧကအနည်းငယ်ပေါ်တွင် သီးနှံတစ်ခုတည်း ကိုသာ ဆက်တိုက်စိုက်ပျိုးသည်ထက် သီးနှံတစ်ခုပြီး တစ်ခုအားစိုက်ပျိုးရေရရှိသရွေ့ စိုက်ပျိုးကြသည့်အတွက် မြေသားဖွဲ့စည်းမှုနှင့်မြေဆီသြဇာများကို ထိန်းသိမ်းပေးရာရောက်ပါသည်။ ရာသီဥတုနှင့် ဈေးကွက်ပေါ်မူတည်၍ စိုက်ပျိုးရမည့်သီးနှံမျိုးများ နှင့် စိုက်ချိန်ကိုချင့်ချိန်သတ်မှတ်ကြပါသည်။

မိုးရာသီတွင်သောင်လယ်များ၌ စပါးကိုစိုက်ပျိုးကြပြီး ဆောင်းတွင် ကိုင်း/ကျွန်းများ၌ ခရမ်းချဉ် နှင့် မတ်ပဲ၊ ဘိုကိတ်ပဲများကို စိုက်ပျိုးကြပါသည်။

ရော်ဘာစိုက်ပျိုးရာတွင် ဒေသမျိုးများကို စိုက်ပျိုးထားကြပြီး အချို့သည် ယခုနှစ်တွင် စတင်၍ အစေးခြစ်ကြပါသည်။ သို့သော် ရော်ဘာစျေးနှုန်းမတည်ငြိမ်ခြင်းကြောင့် အပင်(၄၀၀)ပင် လျှင် တစ်သိန်းကျပ်ဖြင့် သီးစားပေး လိုက်ကြပါသည်။

၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက် ရိတ်သိမ်းစက် လက်တွန်းထွန်စက် ခြွေလှေ့စက် ရေစုပ်စက် ခြေနင်းရေတင်စက် မျိုးစေ့ချစက် မြက်ရိတ်စက်	၄		ရာသီသီးနှံပင်စိုက်ခင်းများရေသွင်းရန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ ခုနှစ်)**

၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	မရှိ	
ရေအရင်းအမြစ်	ရှိ	တွင်းရေနှင့် မြစ်ရေ
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	နွားချေး/ကြက်ချေးများ လိုသလောက်မှာယူရရှိနိုင်ပါသည်။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	
ချေးငွေရရှိမှု	ရှိ	အသက်မွေးဝမ်းကျောင်းကော်မတီ၊ကိုယ့်အားကိုယ်ကိုး အဖွဲ့(၃)ဖွဲ့၊ သမဝါယမအဖွဲ့စသည်တို့မှ အတိုးနှုန်းနည်း စွာဖြင့် လွယ်လင့်တကူ ချေးယူ ရရှိနိုင်။ မြို့နယ်သမဝါယမ အသင်းနှင့်လည်းချိတ် ဆက်ဆောင်ရွက်မှုများလည်းရှိသည်။ ထို့ပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်မှ လယ်သမား တစ် ဦးလျှင် ၁၀၀၀၀အများဆုံး၊ တစ်၀၀၀လျှင် တစ်သိန်းနှုန်းဖြင့် ချေးယူရရှိပါသည်။
သွင်းအားစုဈေးကွက်	ရှိ	နွားချေး/ကြက်ချေးများအား အလွယ်တကူမှာ ယူရရှိနိုင်၊ ဓာတ်မြေဩဇာ/ ပိုးသတ်ဆေးများ၊ မျိုးစေ့များ၊ ပျိုးပင်များကို (၃.၂)ကီလိုမီတာ အကွာရှိ သိမ်၀ရပ်ကျေးရွာတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ ရာသီသီးနှံပင် စိုက်ပျိုးတတ် သူများရှိခြင်း။ ပုလဲဓာတ်မြေဩဇာကို စိုက်ပျိုး ရေးဌာနမှ ဖြန့်ဝေပေးပါသည်။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ဝန်ဆောင်မှုဈေးကွက်	မရှိ	စိုက်ပျိုးရေးဌာနမှ တစ်နှစ်တစ်ခါ လာရောက် ဟောပြောခြင်း
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	ကျေးရွာတွင်းရှိ ဒိုင်များထဲတွင် သီးနှံထွက်သမျှ ရောင်းချနိုင်ပြီး သိမ်ဇရပ်ကျေးရွာ၊ ကျိုက်ထိုမြို့ များတွင်လည် ရောင်းချနိုင် ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	စိုက်ပျိုးမြေ ထပ်မံ မတိုးချဲ့နိုင်ပါ။ နှစ်စဉ်မြစ်ရေတိုက်စားမှုကြောင့်လယ်မြေများ ဆုံးရှုံး ရ ခြင်း။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	လိုအပ်သောအချိန်တွင် လိုသလောက်မရရှိခြင်း။
သွင်းအားစုတတ်နိုင်မှု	ရှိ	အဖူးကူး/ အစေးခြစ်ကျွမ်းကျင်သူများ နည်းပါးခြင်း၊ မျိုးကောင်း/သန့် (ရော် ဘာ၊ ရာသီပင်မျိုးစေ့)များ မဝယ်သုံး နိုင်ခြင်း၊ မြေဩဇာများ လက်ငင်း ဝယ်ယူ ရခြင်း၊ ဈေးကြီးခြင်း၊
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	ရော်ဘာအစေးခြစ်၊အဖူးကူးကျွမ်းကျင်သူများ နည်းပါးခြင်း
ဆည်မြောင်းရေရရှိမှု		
မိုးရေမလုံလောက်မှု		
စိုက်ပျိုးရေးသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	ငွေကြေးမလုံလောက်မှုကြောင့် အချိန်မှီ အသုံးမပြုနိုင်
ဖျက်ပိုးနှင့်ရောဂါ	ရှိ	ရောဂါပိုးမွှားကျရောက်သည့်အခါ စနစ်တကျ မနှိမ်နင်း နိုင်ခြင်း
နည်းပညာအကူအညီနှင့်နည်းလမ်းများ	ရှိ	ထိရောက်သည့် နည်းလမ်းများကို မသိရှိပါ
ဈေးကွက်လက်လှမ်းမှီမှု	မရှိ	
အစိုးရမူဝါဒနှင့် အစီအစဉ်		
ဈေးနှုန်းမတည်ငြိမ်မှု	ရှိ	ရော်ဘာဈေးအတက်အကျများခြင်း၊
ရေလွှမ်းမိုးမှု	ရှိ	နှစ်စဉ်ရေလွှမ်းမိုးမှုများရှိခြင်း
ဆားငံရေဝင်မှု	ရှိ	ဒီရေအတက်အကျကြောင့်စိုက်ခင်းများ၊ လယ်များသို့ ဆားငံရေဝင်ရောက်ခြင်း ကြောင့် မြေဆီလွှာပျက်ဆီးခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၂.၂ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၂၇	(၂၇)အိမ်ထောင်စုမှ (၇၀)ကောင်မွေးမြူထားပါသည်။
ကျွဲ	၁	(၃)ကောင်မွေးမြူထားရှိပါသည်။
ဝက်	၅	(၁၁)ကောင်သာမွေးမြူထားရှိပါသည်။
ကြက်	၂၄	(၈၄)ကောင်မွေးမြူထားပါသည်။
ငါးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း	၃	တပိုင်တနိုင်ဆောင်ရွက်လုပ်ကိုင်ခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ ရေရရှိမှု	တွင်းရေ၊ မြစ်ရေကိုသာအသုံးပြုပါသည်။
တိရစ္ဆာန်မျိုး	အလွယ်တကူဝယ်ယူရရှိနိုင်။
ချေးငွေ	ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းကော်မတီ၊ ကိုယ့်အား ကိုယ်ကိုး အဖွဲ့များ၊ အလင်းရောင်သမဝါယမအသင်းအဖွဲ့များ ရှိသည့်အတွက် အတိုးနှုန်းသက်သာစွာဖြင့်ချေးယူနိုင်ပါသည်။
သွင်းအားစုဈေးကွက်	တိရိစ္ဆာန်အတွက် လိုအပ်သောဆေးနှင့်အစာများကို သိမ်ဇရပ် ကျေးရွာတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။
ဝန်ဆောင်မှုဈေးကွက်	သိမ်ဇရပ်ကျေးရွာတွင် မွေးကုဆရာဝန်ရှိပါသည်။
ထုတ်ကုန်ရောင်းဝယ်မှု အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	ရွာတွင်း၌ပင် သိမ်ဇရပ်နှင့် မုပွလင်မှ ပွဲစားများလာရောက်ဝယ်ယူသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	လိုအပ်သောအချိန်တွင် လိုအပ်သောပမာဏထုတ်ချေး၍မရရှိနိုင်ပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	ကျရောက်မှုနည်း။

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
သွင်းအားစုဈေးကွက်	လက်ရှိမျိုးမှာဒေသမျိုးများသာဖြစ်၍ မျိုးကောင်းမျိုးသန့်များကို ဒေသအတွင်း မရရှိနိုင်ပါ။
ဝန်ဆောင်မှုဈေးကွက်	ကျိုက်ထိုမြို့တိမွေး/ကုဋ္ဌာနနှင့်ချိတ်ဆက်ဆောင်ရွက်မှုအား နည်ခြင်း။ အကြံဉာဏ်တောင်းခံမှု မရှိခြင်း။
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	-
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	တိရစ္ဆာန်မွေ့မြူရေး နှင့် ပတ်သက်သော ကျန်းမာရေး အသိပညာ နည်းပါးခြင်း၊ တိမွေး/ကုဋီးစီးဌာန နှင့် ဆက်သွယ်ဆောင်ရွက်မှု အားနည်းခြင်း
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု	
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် လက်လှမ်းမှီမှု	
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	
အရင်းအနှီးလက်လှမ်းမှီမှု	
အခြား	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ ဝက်မွေးမြူသည့် အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ ကျေးရွာရှိ မိသားစုများသည် ရိုးရာဓလေ့အားလိုက်နာကြခြင်း၊ အိမ်ခြံဝင်းကျဉ်းမြောင်းခြင်း၊ ဝက်မွေးမြူရေး သည် ပတ်ဝန်းကျင်ညစ်ပတ်ခြင်း စသည့်အချက်များကြောင့် တပိုင်တနိုင်မွေးမြူလုပ်ကိုင်မှု နည်းပါးခြင်းဖြစ်ပါသည်။

၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သမား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	၄			
၂	ထုတ်ကုန်လုပ်ငန်း	၄			(နိမ့်) တောင်းယက် (၃)ဦး၊ တံမြက်စည်း (၁)ဦး
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၃			(နိမ့်) ပန်းရံ/လက်သမား(၃)

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	၂			(နိမ့်)စက်ပြင်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁			(လတ်) စက်ချုပ်
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၁၅			(လတ်)အိမ်ဆိုင် ၈၊သီးနှံဒိုင်၁၊ ခေါင်းရွက် ၆၊
၈	ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း	၁			(နိမ့်) လွှက်ရည်ဆိုင်
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၉			(လတ်)၁၊ (နိမ့်) ၈
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး		၉		ကျောင်းဆရာမ
၁၄	ကျန်းမာရေး		၁		ကျန်းမာရေးဆရာမ
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)		၉၃		ကျပန်း
၁၇	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ	၃၉	၁၀၃		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ကျိုက်ထီးရိုးဘုရားဖူးသွားခရီးသည်များပြားခြင်း ခရီးသွားလာရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်း အခွင့်အလမ်းများ	လူငယ်များစွမ်းရည် မြှင့်တင်နိုင်ရေး မဆောင်ရွက်နိုင် ခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း၊ လေ့လာသင်ယူနိုင်သည့်နေရာများကိုလက်လှမ်း မမှီခြင်း။
ဝါးတောင်းများပြုလုပ်ရန် ဈေးကွက်ရှိခြင်း၊ လုပ်ငန်း ကျွမ်းကျင်မှုရှိခြင်း။	ဝါးရှားပါးလာခြင်း၊ စီးပွားဖြစ်ထုတ်လုပ်ရန် ငွေကြေးမလုံလောက်ခြင်း၊ ကုန်ကြမ်းရယူမှုခက်ခဲခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၃ ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	သိမ်ဇရပ်မြို့သို့ (၃.၂)ကီလိုမီတာ၊	ဝေါမြို့သို့ (၁၉.၂) ကီလိုမီတာ
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	မော်တော်ဆိုင်ကယ်၊ ကား၊	စက်လှေ၊ ကား၊ လိုင်းကား၊ မော်တော်ဆိုင်ကယ်
ကုန်စည်အမျိုးအစား နှင့်ဝန်ဆောင်ပေးနိုင်မှု	အမယ်မျိုးစုံ(အစားအစာ၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်း၊ ရေလုပ်ငန်း သုံးပစ္စည်း၊သယ်ယူပို့ဆောင်ရေးပစ္စည်းနှင့်ယာဉ်)	အမယ်မျိုးစုံ (အစား အစာ၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊လယ်ယာလုပ်ငန်းသုံးပစ္စည်း၊ ရေလုပ်ငန်း သုံး ပစ္စည်း၊ သယ်ယူ ပို့ဆောင်ရေး ပစ္စည်းနှင့်ယာဉ်) စသည်တို့ အား လက်လီ/ လက် ကား ရောင်းချခြင်း၊ ဒိုင်များရှိခြင်း။
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	သိမ်ဇရပ်ဈေးမှာ ကြီးပြီး ကောင်းမွန်ပါသည်။ ပုံမှန် ဈေးဖြစ်ပြီး အိမ်ဆိုင်များ နေ့ စဉ်ဖွင့်လှစ်၊ ဆိုင်ကယ်ဖြင့် သွားလာ နိုင်၊ ကျေးရွာထွက်ကုန် များအား ကုန်စိမ်းတန်းတွင် ရောင်းချ နိုင်။	အလွန်ကြီး၊ အလွန်ကောင်းမွန်ပါသည်။ ဒိုင်များတွင် ကုန်စည်များ အဆင်သင့်သွင်းနိုင်။ပုံမှန် ဈေးဖြစ်ပြီး စက်လှေ၊ကား၊ လိုင်းကား ဖြင့်သွားနိုင်၊

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
အစိုးရဘဏ် (သမဝါ ယမ)	ချေးငွေ	တိကျသော ကာလ	တစ်လ ၁.၁၅%	မလိုအပ်	ပုံသေစည်းမျဉ်း
အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်မှုဘဏ်)	ချေးငွေ	၆လ	တစ်နှစ် ၆%	လိုအပ်	ပုံသေစည်းမျဉ်း
ကိုယ့်အားကိုယ်ကိုးအဖွဲ့	ချေးငွေ	တိကျသောကာလ၊ လိုအပ်ပါက ပြင်ဆင်ရေးဆွဲ	တစ်လ ၃–၄%	မလိုအပ်	ပုံသေစည်းမျဉ်း
ငွေချေးပေးသူ	ချေးငွေ	တိကျသော ကာလ	တစ်လ ၄–၁၀%	လိုအပ်	ပုံသေစည်းမျဉ်း
ရွှေဆိုင်	ချေးငွေ	တိကျသော ကာလ	တစ်လ ၃–၄%	လိုအပ်	ပုံသေစည်းမျဉ်း
မိတ်ဆွေနှင့် ဆွေမျိုးများ	ချေးငွေ	တိကျသော ကာလ	တစ်လ ၄–၁၀%	မလို	အချိန်တိုင်းမရနိုင်
အသက်မွေးဝမ်းကျောင်းအဖွဲ့	ချေးငွေ	တိကျသော ကာလ၊လိုအပ်ပါကပြင်ဆင်ရေးဆွဲ	တစ်လ ၃%	မလိုအပ်	ပုံသေစည်းမျဉ်း
စပါးဘဏ်	စပါး/ဆန်	တိကျသောကာလ၊ လိုအပ်ပါက ပြင်ဆင်ရေးဆွဲ	စပါး၁တင်း လျှင် ၂ပြည်ခွဲတိုး	မလိုအပ်	ပုံသေစည်းမျဉ်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ ခုနှစ်)**

၂.၅ သဘာဝဘေးအန္တရာယ်လျော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	မြင့်	ဓာတုဓာတ်မြေဩဇာ/ပိုးသတ်ဆေးများသုံးစွဲခြင်း၊ဆားငံရေများနှစ်စဉ်ဝင်ရောက်ခြင်း၊ မြစ်ရေကြီးခြင်း၊
အပင်မျိုးစိတ်များ	မြင့်	ဆေးဘက်ဝင်အပင်များ မရှိသလောက်

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
		ရှားပါးခြင်း။
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	မြင့်	ဓာတုပိုးသတ်ဆေးများကိုသာ သုံးစွဲကြခြင်းနှင့်စနစ်တကျအသုံးမပြုတတ်ခြင်း၊
ရေအရင်းအမြစ်	မြင့်	နွေရာသီတွင် ရေတွင်းများနှစ်စဉ် ခမ်းခြောက်မှုများရှိ ခြင်း။
ငါးမျိုးကွဲများ	မြင့်	ရေလုပ်ငန်းလုပ်ဆောင်သူများသည် မိမိတို့ကိုယ်ကျိုးစီးပွားရရှိရေးကိုသာ ဦးတည်ပြီး ငါးရစ်၊ ငါးသန်များကို ဖမ်းယူခြင်းကြောင့် ငါးမျိုးတုန်းလာ ခြင်း၊ ရှာဖွေရရှိမှုနည်းလာခြင်း၊
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်	တောရိုင်းတိရိစ္ဆာန်များ မရှိတော့ခြင်း။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်မား	အမှိုက်များ၊ ပလပ်စတစ်များ အလွယ်တကူစွန့် ပစ်ကြခြင်း၊ ပွင်းလင်းရာသီများတွင် အလွယ်တကူ မီးရှို့ခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ် လျှော့ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	မြင့်		
မီးဘေး	အလယ်အလတ်	ကျေးရွာရှိအိမ်ခြံဝန်းများမှာ နီးကပ်သည့်အတွက် တစ်အိမ် နှင့် တစ်အိမ် မီးကူးစက်နိုင်မှု အခွင့် အလမ်းများပါသည်။	မီးဘေး ကြိုတင်ကာကွယ် ရေးသတိပေးနိုးဆော်ခြင်း၊ အလှည့်ကျတာဝန်ပေး၍ ရွာတွင်း လှည့်လည် စစ်ဆေးခြင်း၊ ရွာသား/သူများ မှမိမိတို့ နေအိမ်တွင်ရေနှင့် သဲများသိုလှောင်ထားခြင်း
မုန်တိုင်း	နည်း		
ငလျင်	နည်း		
မိုးခေါင်ခြင်း	နည်း		
အအေးလှိုင်း	နည်း		

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ် လျှော့ချရေး အလေ့အကျင့်များ
ပဋိပက္ခ	နည်း		
တိရစ္ဆာန်ရောဂါ ဖြစ်ပွါးမှု	နည်း	ဝက်နာရောဂါကျရောက်မှု အနည်းငယ်ရှိပါသည်။	
လူရောဂါဖြစ်ပွါးမှု	နည်း	သာမန်နာစေး၊ချောင်းဆိုး ရောဂါမှအပကျန်းမာရေး ပြဿနာ ကြီးကြီးမာမား မရှိပါ။	သားဖွားဆရာမမှ ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်း၊ ဆေးစိမ်ခြင် ထောင်များအသုံးပြုခြင်း၊

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၆ ပညာရေး

၂.၆.၁ ပညာရေး နှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	၉နှစ်နှင့်အထက် လူဦးရေ၏ %
လုံးဝကျောင်းမနေသူဦးရေ	၄	၁၀	၁၄	၂.၉%
ဘာသာရေးအခြေပြုပညာရေးဦးရေ	၅	၃	၈	၁.၇%
မူလတန်းမပြီးမီကျောင်းထွက်သူ ဦးရေ	၁၅၇	၁၆၀	၃၁၇	၆၆.၇%
မူလတန်းပညာရေးပြီးဆုံးသူဦးရေ	၄၄	၃၅	၇၉	၁၆.၆%
အလယ်တန်းပညာရေးပြီး ဆုံးသူဦးရေ	၁၅	၂၀	၃၅	၇.၄%
အထက်တန်းပညာရေးပြီး ဆုံးသူဦးရေ	၄	၄	၈	၁.၇%
တက္ကသိုလ်ပညာပြီးဆုံးသူဦးရေ	၄	၁၀	၁၄	၃.၀%
၉ နှစ်အထက်လူဦးရေပေါင်း	၂၃၃	၂၄၂	၄၇၅	၁၀၀.၀%

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘွဲ့ရပညာတတ်(၁၄)ဦးရှိကာ ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပါသည်။ ယခုနှစ်တွင် အထက်တန်းပညာ တက်ရောက်နေသူ(၁၁)ဦးနှင့် တက္ကသိုလ် တက်ရောက်နေသူ (၈)ဦး ရှိပါသည်။

၂.၆.၂ ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၄၀	၄၈	၈၈	၁၄၆.၆၇
အလယ်တန်း (၁၀-၁၄နှစ်)	၁၉	၁၄	၃၃	၇၀.၂၁
အထက်တန်း (၁၅-၁၆နှစ်ကြား)	၄	၇	၁၁	
တက္ကသိုလ်ကျောင်းသား၊သူ	၄	၄	၈	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာတွင်း			၃.၂		
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ရွာတွင်း			ကား၊ လမ်းလျှောက်၊ ဆိုင်ကယ်၊ စက်ဘီး		
စာသင်ကျောင်းအရွယ်အစား (အလျား၊အနံ၊အမြင့်)	အလျားပေ၉၀၊ အနံပေ ၃၀၊ အမြင့် ၉ပေ			အလျားပေ၁၀၀၊ အနံပေ ၃၀၊ အမြင့် ၁၀ပေ နှစ်ထပ်ကျောင်း အလျားပေ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေ အုတ်ညှပ်		
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊ အုတ်ကာအုတ်ခင်းကျောင်း			သွပ်မိုး၊ အုတ်ကာအုတ်ခင်းကျောင်း		
ကျောင်းသုံးပရိဘောဂ(လုံလောက်မှု ရှိ/မရှိ)	လုံလောက်မှုမရှိ					
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	၁	၄	၅			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

ကျောက္ကလပ်ကျေးရွာရှိစာသင်ကျောင်းမှာ မူလတန်းကျောင်းဖြစ်ပါသည်။ ကျောင်းအရွယ်အစားမှာ (အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၉ ပေ)ရှိပြီး ၂၀၁၁-၂၀၁၂ခုနှစ်တွင် မြို့နယ်ပညာရေးဌာနမှ ဆောက်လုပ်ပေးခဲ့ပါသည်။ ကျောင်းဆရာ(၁)ဦး၊ ဆရာမ(၄)ဦး ကျောင်းအထွေထွေလုပ်သား(၁)ဦးနှင့် ပအိုဝ်စာပေမှဆရာမ(၁)ဦး ပေါင်း(၇)ဦးရှိပါသည်။ စာသင်ခုံ မလုံလောက်ခြင်း၊ ကျောင်းအိမ်သာ(၁)လုံးဖြင့်အသုံးပြုနေရခြင်း၊ ကျောင်းသောက်ရေ/သုံးရေအား ရွာရှိတွင်းများ၌သွားရ၍ခပ်ရခြင်းစသည့် အခက်အခဲများကြုံတွေ့နေရပါသည်။ ယခုနှစ်တွင် သထုံမြို့ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ကျောင်းပရိဘောဂအတွက် ငွေကျပ် ၁သိန်းလျှဒါန်းထားပါသည်။

၂.၆.၄ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	ဆရာ/မလုံလောက်မှုရှိ။
တပည့် ဆရာအချိုး	၁၈:၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	-
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	၎င်းနှင့်ပက်သက်သည့် ဗဟုသုတများအားနည်းပါသည်။
ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ	နိုင်ငံတော်မှကျောင်းသုံးပုံနှိပ်မှုများအလုံအလောက် ပံ့ပိုးပေးထားသည့်အတွက်လုံလောက်မှုရှိပါသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	မူလတန်းပညာအောင်မြင်ပြီးသောသူများသည် သိမ်ဇရပ်မြို့ရှိ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားရသည်။တစ်ချို့သောကျောင်းသားမိဘများသည် ကျောင်းစရိတ်နှင့် ကျောင်းအကြို့ အပို့ကားခများ မတတ်နိုင်သည့် အတွက် အလယ်တန်း နှင့် အထက်တန်းကို ဆက်လက်မထားနိုင်ကြပါ။
မိဘဆရာအသင်း၏ အခန်းကဏ္ဍ	မိဘဆရာအသင်းကို (၉)ဦးဖြင့် ဖွဲ့စည်းထားပါသည်။မိဘဆရာအသင်းမှာရန်ပုံငွေမရှိသည့်အတွက် စာသင်ကျောင်းရှိပရိဘောဂ များပြုပြင်ပေးခြင်း၊ ကျောင်းအိမ်သာများပြုပြင် ပေးခြင်းမှအပ မည်သည့်ပံ့ပိုးမှုမှ မပေးနိုင်ခဲ့ကြပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၇ ကျန်းမာရေး နှင့် အာဟာရ

၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁.ငှက်ဖျားရောဂါ	၂.တုတ်ကွေး	၃.တီဘီ	၄.
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ ငှက်ဖျားရောဂါအဖြစ်များပါသည်။ နှစ်စဉ်ငှက်ဖျားရောဂါဖြင့် ဆေးရုံသို့ ၄-၅ဦးခန့် ပုံမှန်ဆေးကုသမှုခံယူနေရပါသည်။ နှစ်စဉ်မိုးဦးကျချိန်တွင် တုတ်ကွေးရောဂါ အဖြစ်များသည်။ သို့သော် တုတ်ကွေးရောဂါနှင့်ငှက်ဖျားရောဂါကြောင့်သေဆုံးသူမရှိပါ။ လက်ရှိတွင် တီဘီရောဂါ ကုသမှုခံယူသူ(၂)ဦးနှင့် ပျောက်ကင်းသူ (၄)ဦးရှိပါသည်။ သိမ်ဇရပ်စံပြကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် အများဆုံးကုသမှုခံယူကြရပါသည်။ ပြင်းထန်သောရောဂါများကို ပဲခူးမြို့ ဆေးရုံကြီးသို့ သွားရောက် ကုသမှုခံယူကြရပါသည်။

၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (ကီလို)	အခန်း/ ကုတင် (လုံလောက်မှု ရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ် ချက်
ကျေးလက် ကျန်းမာရေး ဌာန	ရွာတွင်း၊ ပေ ရွစ်ဆယ်ကျေး လက်ဆေးပေး ခန်း(ရွာမှ ၂.၄ ကီလို မီတာ)	လုံလောက်မှု မရှိ ပါ	ကျန်းမာရေးမှူး. .(၁) ဦး သားဖွားဆရာမ (၁)ဦး	လုံလောက်မှုမရှိ	
ဆေးရုံ	တိုက်နယ်ဆေး ရုံ (ရွာမှ၄.၈ ကီလိုမီတာ), ပဲခူးမြို့ ဆေးရုံ ကြီး (ရွာမှ၄၀ ကီလိုမီတာ)	လုံလောက်မှု ရှိပါသည်။	သိမ်ဇရပ်တိုက်နယ်ဆေးရုံတွင် ဆရာဝန်.....(၂) သူနာပြု...(၄).. ကျန်းမာ ရေးလုပ်သား(၄)ဦး	သာမန်	
ဆေးဆိုင်			ဆေးဝါး ကျွမ်းကျင်သူ	လက်လှမ်းမှီမှု ဆေးဝါး.... သိုလှောင်ပုံစနစ် အအေးခန်းစနစ်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ လက်ရှိကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ရှိပြီး ကျန်းမာရေးမှူးတစ်ဦးရှိပါသည်။ကျောက္ကလပ်အုပ်စုပေရွစ်ဆယ်ကျေးရွာတွင် သားဖွားဆရာမတစ်ဦး ရှိပါသည်။ ပြင်းထန်ရောဂါများအတွက် သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရပါသည်။ သိမ်ဇရပ်တိုက်နယ်ဆေးရုံတွင် ဆေးရုံအုပ်(၁)ဦး၊ လက်ထောက်(၁)ဦး၊ အထက်တန်းသူနာပြု (၂)ဦး၊ သူနာပြု (၂)ဦး နှင့် အလုပ်သမား(၄)ဦးခန့်ရှိပါသည်။ မြန်မာနိုင်ငံဆရာဝန်များ အသင်းသည် ၂၀၁၂ခုနှစ် မှ ၂၀၁၄ခုနှစ်အထိ ဖြတစ်ကြိမ် ကွင်းဆင်းပြီး လူနာများကို အခမဲ့ဆေးကုသပေးခဲ့ပါသည်။

၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေ ရရှိမှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၈	ကောင်း	Â	Â	Â	၄တွင်းသာလျှင် နွေ၊ မိုး၊ ဆောင်း လုံလောက်မှု ရှိပါသည်။

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
အဝီစိတွင်း						
အဝီစိတွင်း၊ စက်တွင်း						
ကန်						
မြစ်/ချောင်း						
မိုးရေသိုလှောင်ကန်						
စိမ့်စမ်းရေသွယ်တန်းခြင်း						

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေတွင်း(၈)တွင်းရှိပြီး (၄)တွင်းသည် တစ်နှစ်ပတ်လုံး ရေရရှိပါသည်။ ကျေးရွာသူ/သားများသည် နွေရာသီတွင် မြေနိမ့်ပိုင်းရှိရေတွင်းများတွင် သွားရောက် ခပ်ယူကြရ ပါသည်။

၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁၁၆	(၁)ဦး တွဲတက်
ကျင်းအိမ်သာ	၄	
တောထိုင်		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

ကျေးရွာ အိမ်ထောင်စု၏ (၁၁၆)အိမ်သည် ယင်လုံအိမ်သာကို သုံးစွဲကြပြီး ကျန်သော(၄)အိမ်သည် တွင်းတည့်အိမ်သာကိုသုံးစွဲကြပါသည်။ ကျေးရွာလူထုမှကျေးရွာအတွင်း အိမ်တိုင်းစေ့ ယင်လုံ အိမ်သာ ဆောက်လုပ်ကြရန် နှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုလားနေကြပါသည်။

၂.၈ လမ်းတံတား အခြေအနေ

၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သော နှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု ပွင့်လင်း ရာသီ	တစ်နှစ်ပါတ်လုံး	လမ်းအရှည် (ကီလိုမီတာ)
ရွာတွင်းလမ်း	၁	ကောင်း	၂၀၁၃		Â	၁ ကီလိုမီတာ
ချဉ်းကပ်လမ်း						

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ ပွင့်လင်းရာသီ	တစ်နှစ်လုံး
ဆိပ်ခံတံတား					
တံတား					
ကြိုးတံတား					
ရေပြွန်	၁၅–x ၈–x ၃–	ကောင်း	၂၀၀၃		Â

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ် အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း	၀.၄ ကီလိုမီတာ	၁		Â
ပင်လယ်ရေကြောင်း				

၁ “ လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသူ/ရွာသားများသည် ကျေးရွာနှင့်၀.၄ကီလိုမီတာအကွာစစ်တောင်းမြစ်လယ်ရှိ သောင်ကျွန်းပေါ်တွင် မိုးအခါ၌ စပါးကိုစိုက်ပျိုးကြပြီး ဆောင်းအခါတွင် ခရမ်းချဉ် နှင့် မတ်ပဲ၊ ဘိုကိတ်ပဲများကို စိုက်ပျိုးကြပါသည်။

၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	စက်လှေ	လှေ၊ သမ္ဘာန်	ဆိုင်ကယ် (စက်ဘီး)	မော်တော် ဆိုင်ကယ်	သုံးဘီးဆိုင် ကယ်၊ ထော်လာကျီ	ဘတ်စ် ကား	မြင်း လှည်း
အရေအတွက်	၁		၇	၃၉	၅	၁	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ **သယ်ယူပို့ဆောင်ရေးကဏ္ဍ**တွင် ကျောက်ကလပ်ကျေးရွာသည် ရန်ကုန်–မော်လမြိုင် ကားလမ်းဘေးနှင့်စစ်တောင်းမြစ်ဘေးတွင် တည်ရှိသောကြောင့် ဆက်သွယ်သွားလာရန်နှင့် သယ်ယူပို့ဆောင်ရေး အတွက် စက်လှေ (၁) စီး၊ စက်ဘီး (၇) စီး၊ မော်တော် ဆိုင်ကယ် (၃၉) စီး၊ သုံးဘီးဆိုင်ကယ် (၅) စီး နှင့် ကား (၁) စီး တို့ဖြင့် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ထို့ပြင် ဒေသအသီးသီးသို့ သွားလာဆက်သွယ်ရန် မော်တော်ကား၊ ရထားတို့ဖြင့် အချိန်မရွေး လွယ်ကူစွာ သွားလာနိုင်ပါသည်။

၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊ မရှိ
မဟာဓါတ်အားလိုင်း ဆိုလာစနစ် အသေးစားရေအားလျှပ်စစ် ဒီဇယ်သုံးအင်ဂျင် လေစွမ်းအင် ဇီဝလောင်စာ	၁	ညံ့	ရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ညပိုင်း၌ အလင်းရောင်ကို အများအားဖြင့် ဖယောင်းတိုင်မီးများမှ ရယူကြပါသည်။ ဆိုလာသုံးစွဲသူ(၁)ဦးသာရှိပါသည်။ ကျေးရွာသည် မဟာဓါတ်အားလိုင်း နှင့်ဆက်သွယ်ရန် (၂)မိုင် အတွင်းရှိသောကြောင့် ကျေးရွာမီးလင်းရေးကော်မတီကို ဖွဲ့စည်း၍ လျှပ်စစ်ဓါတ်အားလိုင်း ရရှိအောင် ဆွေးနွေးဆောင်ရွက်လျှက် ရှိပါသည်။

၂.၁၀ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဂျာနယ်	အခြား
အရေ အတွက်	၅၆	၁၁	၄၄	၁၀		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ **သတင်းအချက်အလက်**များကို ရပ်ဝေးဒေသများတွင် သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် အများဆုံးအားဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ ကျေးရွာတွင်းတွင် Telenorကို အဓိကထားသုံးစွဲကြပြီး Ooredooအားအနည်းငယ်သာ အသုံးပြုကြပါသည်။ Telenor တာဝါတိုင်သည် ကားလမ်းနံဘေးကျေးရွာထိပ်တွင် စိုက်ထူထားပါသည်။ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလည်း သတင်းအချက်အလက်များကို လက်လှမ်းမီကြပါသည်။

ကျေးရွာတွင်းတွင် တယ်လီဖုန်းသုံးစွဲမှုသည် သုံးပုံတစ်ပုံခန့်သာရှိပါသည်။ အင်တာနက် ဝန်ဆောင်မှု အနေဖြင့် Facebook သုံးစွဲသူသည်လည်း အနည်းငယ်သာ ရှိပါသည်။ အင်တာနက်နှင့်

ပတ်သက်၍ အခြားသုံးစွဲမှုသည်လည်း အလွန်နည်းပါးပါသည်။ လူငယ်များအနေဖြင့် အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များ ရရှိရန် အင်တာနက် သတင်းများကိုလက်လှမ်းမမှီခြင်း၊ ကောင်းမွန်စွာ အသုံးမချနိုင်ခြင်း၊ မီးမရရှိခြင်း၊ စာကြည့်တိုက်မရှိခြင်း တို့သည် လူငယ်များ သင်ယူလေ့လာခွင့်များကို ဟန့်တားထားပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတင်းအချက် အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားများမှ ရရှိနိုင်ပါသည်။

၂.၁၁ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	ရှိ	ကျေးရွာပိုင်ဘောလုံးအားကစားကွင်း
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများပေးခြင်း
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဘာသာရေးပွဲများတွင်ဝန်ဆောင်မှုများပေးခြင်း
အားကစားပစ္စည်းများအား လက်လှမ်းမှီမှု	ရှိ	ကျေးရွာအားကစားကွင်း၊ အားကစားပြိုင်ပွဲ စသည်တိုင်းတွင်ပါဝင်ခွင့်
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာအဖွဲ့အစည်းများတွင် ကိုယ်စားလှယ် အဖြစ်ပါဝင်ခြင်း၊ စေတနာအကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်း
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	ရိုးရာယဉ်ကျေးမှုထိန်းသိမ်းလိုစိတ်ဖြစ်ပေါ်စေ ရေးအတွက်လိုအပ်သောအထောက်အပံ့များ
စာကြည့်တိုက်၊ အင်တာနက် စသည်များအား လက်လှမ်းမှီမှု	မရှိ	စာကြည့်တိုက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းတွင် လူငယ်များအပန်းဖြေနိုင်ရန်အတွက် (၂) ဧကခွဲ အကျယ်ရှိသည့် ကျေးရွာပိုင်ဘောလုံးအားကစားကွင်း(၁)ကွင်းရှိပါသည်။ နှစ်စဉ်နှစ်တိုင်းအုပ်စုအဆင့်ဘောလုံးပြိုင်ပွဲများလည်းကျင်းပလျက်ရှိပါသည်။ ကျေးရွာတွင်းရှိလူငယ်၊ လူရွယ်များသည် ဆရာတော်များကို သွားရောက်ပူဇော်ကန်တော့ကြပါသည်။ ထို့ပြင်လူငယ်အဖွဲ့သည် ရွာတွင်းလမ်းပြုပြင်ခြင်းများ၊ ကျေးရွာတွင်းအလှူပွဲများတွင် ပါဝင်ကူညီဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြပါသည်။ လူငယ်အဖွဲ့၏ လူပျိုခေါင်းဆောင်သည် ကျေးရွာတွင်းအဖွဲ့အစည်းများ၌ ဥက္ကဋ္ဌ (သို့) အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်မှုများရှိပါသည်။

ရိုးရာယဉ်ကျေးမှုထိန်းသိမ်းသည့်အနေဖြင့် ကျေးရွာတွင်းတွင် ပအိုဝ့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဖွဲ့စည်းထားရှိပါသည်။ ယင်းအဖွဲ့သည် ပအိုဝ့်အမျိုးသားနေ့ဖြစ်သည့် တပေါင်းလပြည့်နေ့များတွင် တစ်နှစ်လျင်တစ်နေရာ ပအိုဝ့်ရိုးရာအကများအား သွားရောက်ယှဉ်ပြိုင်ကြပါသည်။ ပြိုင်ပွဲမရှိသော်လည်း ရံဖန်ရံခါတွင်သထုံခရိုင်အတွင်းရှိ မြို့နယ်များသို့သွား ရောက်၍ကပြဖျော်ဖြေမှုများလည်း ရှိပါသည်။ လက်ရှိတွင် ကျောင်းတက်နေသော ကျောင်းသူ/သားများအား ကျောင်းချိန်ပြင်ပတွင် အချိန်ပေး၍ ပအိုဝ့်စာပေအား ကျောင်းရှိဆရာမတစ်ဦးမှ သင်ကြားပေးနေပါသည်။ ပအိုဝ့်စာသင်ကြားပေးသည့် ဆရာမအတွက်လိုအပ်သည့် အထောက်အပံ့များကိုလည်း မွန်ပြည်နယ်၊ ပအိုဝ့်စာပေနှင့်

ယဉ်ကျေးမှု အသင်းမှလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်မှ တစ်လလျင် (၅) သောင်းကျပ်နှုန်းဖြင့် လည်းကောင်းထောက်ပံ့ပေးနေပါသည်။ လူငယ်များသည် မိမိဘာသာစကားပြောသည်ထက် ဗမာ ဘာသာစကားကိုသာ အဓိကထားအသုံးပြုနေကြရပါသည်။ ထို့ကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖတို့အနေဖြင့် လူငယ်များအတွက် ဘာသာစကား မတိမ်ကောမပျောက်ပျက်စေရန် ဆွေးနွေး ညှိနှိုင်းတိုင်ပင်မှုများပြုလုပ်မည်ဖြစ်ပါသည်။

၂.၁၂ ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်း
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	မရှိ	ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီ၊
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများရရှိမှု

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းတွင် တယ်လီနောကိုအဓိကထားသုံးစွဲကြပြီး အူရီဒူးအား အနည်းငယ်သာ အသုံးပြုကြပါသည်။ ထယ်လီနောတာဝါတိုင်သည် ကားလမ်းနံဘေးကျေးရွာထိပ်တွင် စိုက်ထူထားပါသည်။ အင်တာနက်ဝန်ဆောင်မှုအနေဖြင့် ဖေ့စ်လွတ်သုံးစွဲသူသည်လည်း အနည်းငယ်သာ ရှိပါသည်။ အင်တာနက် နှင့် ပတ်သက်၍ အခြားသုံးစွဲမှုသည်လည်း မရှိသလောက်နည်းပါးပါသည်။ သဘာဝဘေးအန္တရာယ် နှင့် ပတ်သက်သည့် စီမံခန့်ခွဲမှုအစီအစဉ်များမရှိပေ။ ကျေးရွာနှင့်(၂)မိုင်အကွာတွင် သိမ်ဇရပ် ရဲစခန်းရှိသည့်အတွက် လုံခြုံရေး ကောင်းမွန်ပါသည်။

၂.၁၂.၂ မူခင်းဖြစ်ပွားမှု

ဇယား (၄၂) မူခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	မရှိ	ရှိ	မရှိ	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၂၇ - ၂၉ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

ကျေးရွာတွင်းတွင် မူခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိသော်လည်း အခြားအသေးစားခိုးမှု လေးများ (ကြက်ခိုးခြင်း) တို့အနည်းငယ်ရှိပါသည်။ သို့သော် မပြင်းထန်ပါ။

Note:

၁။ စိုးရိမ် ၂။ သာမန်

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျောက္ကလပ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ

အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
ကျေးရွာအဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေအနေကောင်းများ	• ကျောက္ကလပ်ကျေးရွာရှိ ကျေးရွာသူရွာသားများ စည်းလုံးညီညွတ်မှု ရှိခြင်း၊ ဦးဆောင်မှုနောက်တွင် ရွာသူရွာသားများ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းသည် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကအချက်များ ဖြစ်ပါသည်။ • ကျေးရွာတွင် အလုပ်လုပ်နိုင်သူလူဦးရေ ၆၅.၇%ရှိပါသည်။ ဘွဲ့ရ ပညာတတ် (၁၄)ဦး နှင့် အခြေခံ ပညာတတ်ကျွမ်းသူ လူငယ်များရှိပြီး: ကုန်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း၊ ဘုရားဖူးခရီးစသည့် များပြားလှသော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။
သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက် အခြေအနေကောင်းများ	• ကျေးရွာ၏ ရေမြေရာသီဥတုသည် ရော်ဘာပင်စိုက်ပျိုးရန် သင့်တော်ခြင်း၊ ရော်ဘာမျိုးကောင်းမျိုးသန့်များကို အလွယ် တကူဝယ်ယူစိုက်ပျိုးနိုင်ခြင်း၊ ထွက်ရှိလာသော ရော်ဘာစေး များကို ရောင်းချနိုင်သော စျေးကွက်ရှိခြင်း၊ ရော်ဘာစိုက်ပျိုး ရန် နည်းပညာ နှင့် ချေးငွေ လိုအပ်ချက်များကို ကူညီ ပံ့ပိုးပေးနိုင်သော ရော်ဘာကုန်ထုတ်သမအသင်း တည်ရှိ ခြင်းတို့သည် ကျေးရွာဖွံ့ဖြိုးရေးအတွက်အခွင့်အလမ်း ကောင်းများ ဖြစ်ကြပါသည်။ • ရာသီသီးနှံပင်များကို စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ နှင့် စိုက်ပျိုးရေးသွင်းအားစုများကို အလွယ်တကူ ဝယ်ယူ ရရှိနိုင်ခြင်း၊ ထွက်ရှိလာသောသီးနှံများအားရောင်းချရန် စျေးကွက်ရှိခြင်းတို့သည် မိသားစုဝင်ငွေတိုးတက်စေသည့် အကြောင်းရင်းများဖြစ်ကြပါသည်။
နေရာဒေသတည်ရှိမှု အားသာ ချက်	• ကျေးရွာသည် မြဝတီ–မော်လမြိုင်–ဘားအံ–ရန်ကုန်လမ်းပေါ်တွင် တည်ရှိခြင်းကြောင့် ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။ ထို့ပြင် ရှေးဟောင်းသမိုင်းဝင် စေတီ ပုထိုးများသည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်သဖြင့် လူငယ်များအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းကောင်းများ ရရှိလာနိုင်ပါသည်။ • ကျေးရွာတွင်းတွင် တယ်လီနောကို အဓိကထားသုံးစွဲကြပြီး အူရီဒူးအား အနည်းငယ်သာ အသုံးပြုကြပါသည်။တယ်လီနော တာဝါတိုင်သည် ကားလမ်းနံဘေး ကျေးရွာထိပ်တွင်

အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	စိုက်ထူထားပါသည်။ မဟာဓါတ်အားလိုင်းနှင့် (၂)မိုင် အတွင်း တည်ရှိသဖြင့် ပင်မဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်ယူနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိပါကအသေးစားအိမ်တွင်းစက်မှုလုပ်ငန်းများ လုပ်ဆောင်လာနိုင်ခြင်း၊ ဆက်သွယ်ရေးကဏ္ဍ ပိုမိုကောင်းမွန်လာခြင်းကြောင့် သတင်းအချက်အလက်များ လက်လှမ်းမီလာခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုအခြေအနေ ပိုမိုကောင်းမွန်လာမည် ဖြစ် ပါသည်။
ကျန်းမာရေးဝန်ဆောင်မှုများ အားလက်လှမ်းမီမှု	• ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်၍ ကျေးရွာမှ (၂)မိုင် အကွာ တွင် ဆေးရုံတွင်လည်းကောင်း၊ ပဲခူးဆေးရုံကြီး နှင့်လည်းကောင်း လက်လှမ်းမှီကြပါသည်။
တည်ငြိမ် အေးချမ်းမှု	• ကျေးရွာ၏ဘေးကင်းလုံခြုံမှုအနေဖြင့် ကျေးရွာနှင့် (၂)မိုင် အကွာ တွင် သိမ်ဇရပ်ရဲစခန်းရှိသည့် အတွက် လုံခြုံရေး ကောင်းမွန်ပါသည်။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများ နှင့် စိန်ခေါ်မှုများ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• ကျေးရွာအဖွဲ့အစည်းများ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် နည်းပညာဝန်ဆောင်မှုများအား ကျေးရွာသူရွာသားများအား လက်လှမ်းမှီရန်လိုအပ်ခြင်း	• ကျောက္ကလပ်ကျေးရွာရှိကျေးရွာသူ/သားများသည်ဦးဆောင်သူများနှင့် ဆန့်ကျင်၍ ဆန္ဒသဘောထားများကို တင်ပြရန် မဝံ့ရဲကြပါ။ • ရွာသူရွာသားများ၊ ကျေးရွာအဖွဲ့အစည်းများသည် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်ဝန်လေးနေခြင်း။ • အဖွဲ့အစည်းများမှ လူကြီးပိုင်း ပုဂ္ဂိုလ်များသည် ရွာသူ/သားများအားလုံး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာစေရန် လှုံဆော်ပေးနိုင်သည့် စွမ်းရည် မရှိခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား တစ်ခုဖြစ်ပါသည်။
• ကျေးရွာထုတ်ကုန်များ အရည်အသွေးပြည့်ဝစွာ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ကျေးရွာသားများ၏ ဝန်ဆောင်မှု လုပ်ငန်းများ အရည်အသွေးပြည့်ဝရေး စသည်တို့ တိုးတက်ရန် နည်းပညာဝန်ဆောင်မှုများ လက်လှမ်းမီရေး	• စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော ထွက်ကုန်များသည် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှုအားနည်းခြင်းကြောင့် အရည်အသွေးမပြည့်မှီခြင်း၊ ဈေးနှိမ်ခံရခြင်း၊ မျိုးသန့်ဈေးနှုန်း မြင့်မားခြင်း၊ နည်းပညာဝန်ဆောင်မှုများ ထိရောက်စွာ မရရှိနိုင်ခြင်းတို့ကြောင့် ဝင်ငွေရရှိမှု နည်းပါးကြပါသည်။
• ဒေသတွင်းတွင် ဝင်ငွေနည်းပါးခြင်းနှင့် ဝင်ငွေရလုပ်ငန်းရရှိရန် မသေချာခြင်း	• လယ်ယာလုပ်ငန်းနှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသော ဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက် လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့် ကွာခြားသောကြောင့် လူငယ်များသည် နည်းလမ်းမျိုးစုံဖြင့် သွားရောက်နေကြသဖြင့် ဒေသတွင်း လုပ်သားရှားပါးခြင်းတို့ ဖြစ်ပေါ်နေပါသည်။

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
	• ရေးဟောင်းသမိုင်းဝင်စေတီပုထိုးများကြောင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ နှစ်စဉ် တိုးမြှင့်လာသော လည်း အရည်အသွေးမှီသော ဝန်ဆောင်မှုများ ပေးနိုင်သော လူငယ်လူရွယ်များ ရှားပါးနေပါသည်။
• မူးယစ်ဆေးဝါး	• ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍လူငယ်များသည် မူးယစ်ဆေးဝါးများကို အလွယ်တကူ လက်လှမ်းမှီကြပါသည်။ အသေးစားရောင်းဝယ်ဖောက်ကားမှုများ ရှိခြင်း၊ ဈေးနှုန်းသက်သာခြင်းတို့သည် လူငယ်များမူးယစ်ဆေးဝါးသုံးစွဲရန် အတွက် အခွင့်အလမ်းကောင်းများ ဖြစ်နေပါသည်။

ဖွံ့ဖြိုးရေးကွင်းဆက် - ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသောဖြေရှင်းနည်းဆီသို့

ကျောက်ကလပ်ကျေးရွာ၊ ကျောက်ကလပ်ကျေးရွာအုပ်စု၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် (၂၀၁၅ ဇူလိုင်လ ၂၇–၂၉ ရက်)

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့် နည်းလမ်း	အဆိုပြုစီမံကိန်း
<u>စီမံအုပ်ချုပ်မှုစနစ်</u> • ကျေးရွာသူ ရွာသားများသည် ဦးဆောင်သူများနှင့် ဆန့်ကျင်၍ ဆန္ဒသဘောထားများကို တင်ပြရန် မဝံ့ရဲကြပါ။ • ရွာသူရွာသားများ၊ ကျေးရွာအဖွဲ့ အစည်းများ သည် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ရန် ဝန်လေးနေခြင်း။ • အဖွဲ့အစည်းများမှလူကြီးပိုင်းပုဂ္ဂိုလ်များ သည် ရွာသူရွာသားများအားလုံးတက်ကြွ စွာ ပူးပေါင်းဆောင်ရွက်လာ စေရန် လှုံဆော် ပေးနိုင်သည့် စွမ်းရည် မရှိခြင်း။	• ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများတွင် အများပါဝင်၍ ဆုံးဖြတ် ချက်ချမှတ်သည့်နည်းစနစ်များ၊ အတွေ့အကြုံ အလေ့အထများမရှိခြင်း။ •	• ကျေးရွာသူရွာသားများသည် စည်းလုံးညီညွတ်မှု ရှိကြသည်။ • နိုင်ငံတော်၏ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ် မှ အထောက်ကူများ ရနိုင်ခြင်း။	• မြို့နယ်အဆင့်တွင်ကျေးရွာအဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးအတွက် ဆောင်ရွက်မည့် စနစ်နှင့် စွမ်းရည်များမရှိသေးခြင်း	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို အလားအလာရှိ သူများနှင့်ဖွဲ့စည်းခြင်း။ • ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်းများကိုဖွဲ့စည်း ခြင်း။ • ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်ကျေးရွာတွင်းရှိ အဖွဲ့အစည်းများ၏အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်တိုးတက်အောင်ဆောင်ရွက်ခြင်း။ - ခေါင်းဆောင်မှုသင်တန်း	• ကျေးရွာအဖွဲ့အစည်းများ၏အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်တိုးတက်ရေး

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့် နည်းလမ်း	အဆိုပြုစီမံကိန်း
				➢ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး သဘောတရား သင်တန်း ➢ ကျား/မ ရေးရာ သင်တန် ;	
• စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝင်ငွေရရှိမှု နည်းပါးလာခြင်း	• ဒေသမျိုးများကိုသာ အစဉ်အဆက်စိုက်ပျိုး • မြေဆီသြဇာညံ့ဖျင်းခြင်း • ပင်လယ်မှ ဆားငံရေဝင်ရောက်ခြင်း။ • မိုးရာသီတွင် ရေနစ် မြုပ်ခြင်း။ • စိုက်ပျိုးစရိတ်ချေးငွေ မလုံလောက်ခြင်း	• မျိုးကောင်းမျိုးသန့်များကို ဈေးကွက်တွင် ဝယ်ယူရရှိနိုင်ခြင်း။ • တစ်ရာသီအတွင်းသီးနှံပင်များကို ထပ်ခါ ထပ်ခါ စိုက်ပျိုးခြင်း • စစ်တောင်းမြစ်မှ ရေရရှိနိုင်ခြင်း • ကျေးရွာရှိအဖွဲ့အစည်းများမှချေးငွေကိုအတိုးနှုန်းသက်သာစွာ ရရှိခြင်း။	• မျိုးသန့်ဈေးနှုန်း မြင့်မားခြင်း • နည်းပညာဝန်ဆောင်မှုများထိရောက်စွာမရရှိနိုင်ခြင်း	• နည်းပညာဝန်ဆောင်မှုပေးသည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ➢ စိုက်ပျိုးနည်းပညာဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ခြင်း ➢ ချေးငွေရရှိရန် နှင့် အရစ်ကျ နှင့်အကြွေးဝယ်ယူမှုဆိုင်ရာ မူဝါဒနှင့် လုပ်ထုံး လုပ်နည်းများ • ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စစ်တောင်းမြစ်မှ ရေရရှိအောင် ဆောင်ရွက်ခြင်း။	• စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုနှင့် ငွေကြေး ဝန်ဆောင်မှုများသို့လက်လှမ်းမီမှုတိုးတက်ရေး

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့် နည်းလမ်း	အဆိုပြုစီမံကိန်း
စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအခြားသောလုပ်ငန်းများ • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အလုပ်အကိုင်များရှားပါးခြင်း။	• ဒေသတွင်းစက်မှုလုပ်ငန်းများမဖွံ့ဖြိုးခြင်း • အသက်မွေးဝမ်းကြောင်းများဆိုင်ရာ ကျွမ်းကျင်မှုများ အားနည်းခြင်း (ဆောက်လုပ်ရေး၊ ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှု)	• ရွာတွင်အခြေခံပညာတတ်ကျွမ်းသော လူငယ်များရှိခြင်း၊ • မြို့နယ်တွင် များပြားလှသောအလုပ်အကိုင်အခွင့်အလမ်းများရှိခြင်း • ရော်ဘာအခြေပြုကုန်ထုတ်လုပ်မှုဆိုင်ရာ စက်မှုလုပ် ငန်းများ • သစ်သီးယိုထုတ်လုပ်မှုဆိုင်ရာစက်မှုကုန်ထုတ်လုပ်ငန်းများ (သရက်၊ မရမ်း၊ ရှောက်၊ ဒူးရင်း) • ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း • ဘုရားဖူးခရီး	• လေ့လာသင်ယူနိုင်သည့် နေရာများကို လက်လှမ်းမမှီခြင်း • ရွာသူရွာသားများသည် မြို့နယ်ရှိအခွင့်အလမ်းများကို အသုံးမချ နိုင်ကြခြင်း။ • ရော်ဘာစျေးကွက်မဖွံ့ဖြိုးခြင်း။ • ရောင့်ရဲတတ်ခြင်း	• အခြေခပညာပြီးမြောက်အောင်သင်ကြားစေခြင်း • လူငယ်လူရွယ်များလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများပေးခြင်း။ • ဒေသထွက်ကုန်များအခြေခံသောကုန်ချောထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ၊ ဟော်တယ်နှင့် ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်ကူပြုမည့် အခြေအနေကောင်းများဖန်တီးရေး • ကုန်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်းများနှင့်ဘုရားဖူးခရီးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ပေခြင်း။	• ဒေသထွက်ကုန်များအခြေခံသောကုန်ချောထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ၊ ဟော်တယ်နှင့် ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်ကူပြုမည့် အခြေအနေကောင်းများဖန်တီးရေး

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့် နည်းလမ်း	အဆိုပြုစီမံကိန်း
ပညာရေးကဏ္ဍ • မူလတန်းကျောင်းနေ ရွယ်ကလေးငယ်များ အဆင်ပြေစွာ ပညာသင်ကြားနိုင်သည့်သင့်တင့်ကောင်းမွန် သောပတ်ဝန်းကျင် မရှိခြင်း။ • အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူ နည်းပါးခြင်း။	• ကျောင်းပရိဘောဂ မလုံလောက်ခြင်း • ကျောင်းအိမ်သာ နှင့် ကျောင်းသားအချိုး မမျှတခြင်း • သောက်သုံးရေရရှိရန် ခက်ခဲခြင်း၊ • ကျေးရွာတွင်အလယ်တန်းနှင့် အထက်တန်းကျောင်းမရှိခြင်း၊ • ပညာရေးအတွက် ငွေကြေးမပြည့်စုံခြင်း၊ • မိဘများနှင့်အတူ လယ်ယာလုပ်ငန်းခွင်သို့ လိုက်ပါသွားခြင်း၊	• ကျေးရွာမိဘဆရာအသင်း ဖွဲ့စည်းထားမှုရှိ ခြင်း၊ • ကျေးရွာမှ(၂)မိုင် အကွာတွင် အထက်တန်း ကျောင်းရှိခြင်း၊ • ကျောင်းကြို/ပို့ကား ထူထောင်ထားခြင်း၊	• မိဘဆရာအသင်း လှုပ်ရှားတက်ကြွမှုအား နည်းခြင်း၊ • မိဘများငွေကြေးအင်အား မတက်နိုင်ခြင်း၊ • ရေတွင်းတူးဖော်ရန် ကုန်ကျစရိတ်များခြင်း၊	• မိဘဆရာအသင်းကို အောက်ပါစွမ်းရည်များ တိုးတက်အောင်ဆောင်ရွက်ခြင်း ○ မူလတန်းကျောင်း၏ သင်ကြားမှုအခြေအနေတိုးတက်ရေးစီမံချက်ရေးဆွဲခြင်း ○ အထက်ပါစီမံချက်အကောင်ထည်ဖော်ခြင်း	• ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရေး
ကျန်းမာရေးကဏ္ဍ • လုံခြုံစိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုများမရရှိခြင်း	• ကောင်းမွန်လုံခြုံသော ကျန်းမာရေးဆေးပေးခန်း မရှိခြင်း	• အစိုးရမှခွင့်ပြုထားသည့် ကျန်းမာရေးဌာနခွဲတည်ရှိခြင်း၊ • (၂၀၀၀ x ၂၀၀၀) အရွယ်ရှိဆေးခန်းတည်ဆောက်ရန် မြေနေရာရှိခြင်း၊	• ဆေးခန်းတည်ဆောက်ရန်အတွက်ငွေ ကြေးအင်အားမတတ်နိုင်ခြင်း၊	• ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ဝန်ဆောင်မှုပြည့်စုံအောင်ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျန်းမာရေးဌာနှင့်ချိတ်ဆက်၍ ဆေးပေးခန်း	• ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ လက်လှမ်းမှီရေး • ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ဝန်ဆောင်

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့် နည်းလမ်း	အဆိုပြုစီမံကိန်း
		• ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း(၁) ဦးရ		တည်ဆောက်ရန်အတွက် ရန်ပုံငွေအမြန်ဆုံးကျ အောင်ဆောင်ရွက်ခြင်း၊ • ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ • ဆရာမခန့်ထားရေး • (၂၀ပေ x ၂၀ပေ) အရွယ်ရှိဆေးခန်း တည်ဆောက်ခြင်း၊ • အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမှီရေး:	မူပြည့်စုံအောင်ချိတ် ဆက်ဆောင်ရွက်ခြင်း
ရေ နှင့် သန့်ရှင်းရေး ရေကောင်းရေသန့် လုံလောက်စွာ မရရှိခြင်း	• ကျေးရွာသည် ကုန်းမြင့် ပေါ်တွင် တည် ရှိခြင်း • ရေတွင်းအနက် ပေ ၂၀၀ အထိ တူးရခြင်း • ရေတွင်းမလုံလောက်ခြင်း	• ကျေးရွာ၏ ပူးပေါင်း ပါဝင်မှု လုပ်အား ရရှိခြင်း	• ငွေကြေးမတတ်နိုင်ခြင်း	• ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ • ရေတွင်းတူးဖော်ခြင်း	• ရေကောင်းရေသန့် လုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း
လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား • အသက်(၄၀)အောက် ရွာသူရွာသားများရိုးရာ ဘာသာစကားများကို	• ရွာသူရွာသားများရိုးရာ ဘာသာစကားများကို သင်ကြားပေးမှု မရှိခြင်း	• ကျေးရွာတွင် ပအို့ဝ်စာ ပေ နှင့် ယဉ်ကျေးမှု အသင်းဖွဲ့စည်းထား ခြင်း	• လူငယ်ဖွံ့ဖြိုးတိုးတက် ရေးအစီအစဉ်များစနစ် တကျရေးဆွဲအကောင် ထည်ဖော်မှုမရှိခြင်း	• လူငယ်ဖွံ့ဖြိုးတိုးတက် ရေးစီမံကန်းများရေးဆွဲ အကောင်ထည်ဖော်ခြင်း၊	• လူငယ်ဖွံ့ဖြိုးတိုးတက် ရေးစီမံကန်းများရေးဆွဲ အကောင်ထည်ဖော်ခြင်း၊

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့် နည်းလမ်း	အဆိုပြုစီမံကိန်း
မပြောဆိုနိုင်ခြင်း • လူငယ်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ပေးနိုင်သော ပတ်ဝန်းကျင် ကောင်း မရှိခြင်း		• လက်ရှိတွင် ကျေးရွာ၌ မူလတန်းကလေးငယ်များအား ပအို့ဝ်စာပေသင်ကြားနေခြင်း • လူငယ်များမှ ပအို့ဝ်စာပေနှင့်စကားသင်ကြားလိုစိတ်ရှိခြင်း • အထက်တန်းပညာအဆင့် တတ်မြောက်သူများရှိခြင်း • အားကစားကွင်းရှိ ခြင်း		○ ပညာသင်ကြားမှုအရည်အသွေးများတိုးတက်အောင်ဆောင်ရွက်ခြင်း ○ လူငယ်အားကစားဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း ○ ရိုးရာစာပေ၊ဂီတနှင့် အနုပညာများတိုးတက်ရေး	○ ပညာသင်ကြားမှုအရည်အသွေးများတိုးတက်အောင်ဆောင်ရွက်ခြင်း ○ လူငယ်အားကစားဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း ○ ရိုးရာစာပေ၊ဂီတနှင့် အနုပညာများတိုးတက်ရေး
ကျေးရွာမီးလင်းရေး • မဟာဓါတ်အားလိုင်းမှ လျပ်စစ်မီး မရရှိခြင်း	• ကုန်ကျစရိတ်မတတ်နိုင်ခြင်း	• မဟာဓါတ်အားလိုင်းနှင့်(၂)မိုင်အတွင်း တည်ရှိ ခြင်း	• ကျေးရွာလူထုက ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်သည့် အလေ့အထနည်းခြင်း	• ကျေးရွာတွင်းမီးလင်းရေးကော်မတီကို စနစ်တကျဖွဲ့စည်း၍သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • မီးလင်းရေးကော်မတီမှဦးဆောင်၍ ရွာသူ/သားများငွေကြေးအားဖြင့် ပူးပေါင်းပါဝင်မှုရရှိအောင်ဆောင်ရွက်ခြင်း	• ကျေးရွာအတွင်းရှိမိသားစုများ လျပ်စစ်မီးကို လက် လှမ်းမှီရေ:

ကိုးကားစာရင်းများ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာတွင် ၂၀၁၅ ဩဂုတ်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေ အနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

၄။ မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲရေး ယူနစ် ဝဘ်ဆိုက်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ်	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• (ငွေသား) • (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ..
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ